မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၁ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၀၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)

စံနမူနာပြ လေးစားလိုက်နာ

အများပြည်သူ ဥပဒေဘောင်အတွင်း နေထိုင်ကြရန်၊ စည်းကမ်းရှိရန် ထိန်းသိမ်းကြပ်မတ် ပြုပြင်သွားရမည့် ဝန်ထမ်းများကိုယ်တိုင်က ဥပဒေ၊ စည်းကမ်းများကို နားလည်ရုံသာမက စံနမူနာပြ လေးစားလိုက်နာရန် အထူးလိုအပ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာ၌ သွက်လက်ထက်မြက်ပြီး သန့်ရှင်းစင်ကြယ်သည့် အုပ်ချုပ်ရေးယန္တရား မရှိမဖြစ်လိုအပ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်မှုကို အလေးအနက်ထား ပြည်သူလေးစားအားကိုးသော တပ်ဖွဲ့ဆိုသည့် ရဲတပ်ဖွဲ့၏ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်

ရန်ကုန် မေ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ပင်လယ်ကူးသင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်ရာ၌ လုံလောက်သောရေအနက်ရရှိရေး သောင်တူးဖော်မှုလုပ်ငန်းများ စေတနာထား ထိရောက်အောင်မြင်အောင် ဆောင်ရွက်

ရန်ကုန် မေ ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပို့ဆောင်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြစ်ကြောင်း ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ခံတံတားမှ တစ်ဆင့်

စာမျက်နှာ ၅ ကော်လံ ၁ ✡

သတင်းစာရှင်းလင်းပွဲ ကျင်းပ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတွက် အန္တရာယ်အလွန်ကြီးမားသည့်လုပ်ရပ်ကို ပြုလုပ်လာသည့် ပြည်ပြေး စဝ်ခမ်ဖဦးစီးသည့် အဖွဲ့နှင့် အခြားဆက်နွှယ်နေသည့်အဖွဲ့များကို နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့်အကြောင်းရင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ။ (သတင်းအကျယ်–ကျောဖုံး၊စာ–၇၊၈၊၉၊၁၀၊၁၁နှင့်၁၂)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းရေး နိုင်ငံသားအားလုံး မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးစားလုပ်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တစ်နိုင်ငံလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်တိုနှစ်ရှည် စီးပွားရေးစီမံကိန်းများ ချမှတ်ပြီး စနစ်တကျကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့စီးပွားရေးသည် နှစ်စဉ်မှန်မှန် တိုးတက်လျက်ရှိရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် လူတစ်ဦးချင်း ဝင်ငွေသည် ၁၆၅၇၂၉ကျပ်အထိ မြင့်မားတိုးတက်လာသည်ကို တွေ့ရသည်။

ယင်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှု စာရင်းဇယားများ၊ ကိန်းဂဏန်း မျက်မြင်ဒိဋ္ဌ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေချိန်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများလည်း မျက်ဝါးထင်ထင် ပေါ်ထွက်လာခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း ဧပြီလ ၁၅ရက်နေ့က စစ်တွေတပ်နယ် ဗန္ဓုလခန်းမတွင် စစ်တွေတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်မိသားစုများအား တွေ့ဆုံ လမ်းညွှန်မှာကြားခဲ့ရာ၌-

"မြန်မာနိုင်ငံတော်တွင် ဖွံ့ဖြိုးတိုးတက်နိုင်မှု အလားအလာကောင်းများ တည်ရှိနေပြီဖြစ်ကြောင်း၊ ကျယ်ဝန်းသည့် ရေမြေနယ်နိမိတ်၊ သင့်တင့်လျောက်ပတ်သည့် လူဦးရေအချိုးအစား၊ သဘာဝ သယံဇာတ ပေါများကြွယ်ဝမှု၊ ပြည်သူများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထက်မြက်မြင့်မားမှု၊ နိုင်ငံသူနိုင်ငံသားများ၏ ဉာဏ်ရည်ထက်မြက် ကောင်းမွန်မှုတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလားအလာကောင်းများကို ဖန်တီးပေးထားပြီးဖြစ်၍ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ဖြင့် နိုင်ငံသားများက ကြိုးစားလုပ်ဆောင်ကြလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း"

လမ်းညွှန်မှာကြားသွားသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများ မျက်မြင်အားဖြင့် မည်မျှတိုးတက်များပြားလာသည်ကို မျက်မှောက်ကာလ တိုးတက်ဖြစ်ထွန်းမှုများက ညွှန်းဆိုဖော်ပြလျက် ရှိသည်။ ယင်းကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခြင်းသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်နိုင်ခဲ့ကြ၍ ဖြစ်ပေသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဆည်မြောင်းတာတမံများအနေဖြင့် တပ်မတော်အစိုးရ လက်ထက်တွင်ပင် ဆည်တမံ ၁၇၂ခုအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီး လယ်မြေဧက ၂၂၈၄၅၆၉ဧကကို အကျိုးပြုနေပြီ ဖြစ်သည်။ တည်ဆောက်ဆဲ ဆည်တမံပေါင်းမှာ ၃၅ခုရှိသည်။ မြစ်ရေတင်စီမံကိန်း ၂၇၁ခုကို တည်ဆောက်ပေးခဲ့ပြီး ၃၄ခုမှာ တည်ဆောက်နေဆဲ ဖြစ်သည်။

ရထားပို့ဆောင်ရေးကဏ္ဍတွင် ရထားလမ်းမိုင် ၁၀၆၆မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ပညာရေးကဏ္ဍတွင် တစ်နိုင်ငံလုံး၌ အခြေခံပညာကျောင်းပေါင်း ၄၀၅၂၁ကျောင်း တည်ရှိနေပြီဖြစ်ပြီး တက္ကသိုလ်၊ ကောလိပ်များအနေဖြင့် ယခင်က ၃၂ခုသာ ရှိခဲ့ရာမှ ယနေ့ကာလတွင် တက္ကသိုလ်၊ ကောလိပ် ၁၅၆ခုအထိ တိုးတက်ပေါ်ထွန်းခဲ့ပြီ ဖြစ်သည်။

အလားတူပင် ကျန်းမာရေးကဏ္ဍ၌လည်း ယခင်က ဆေးရုံ ၆၃၁ရုံသာ ရှိခဲ့ရာမှ ယခုအခါ ဆေးရုံ ၈၁၉ရုံ ရှိလာခဲ့သည်။ ကျန်းမာရေးဌာနအနေဖြင့် ယခင်က ကျန်းမာရေးဌာန စုစုပေါင်း ၁၃၃၇ခုသာ ရှိခဲ့ရာမှ ယခုအထိ ၁၄၅၀ အထိ ရှိလာခဲ့ပြီ ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်သည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းရေးတွင် စက်မှုကဏ္ဍ တိုးတက်မြင့်မားရေးသည် ပဓာနကျသည်ဟု ခံယူထားရာ နိုင်ငံတော်၏ မျှော်မှန်းချက်နှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းလုပ်ဆောင်လျက် ရှိသည်။

တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ စီးပွားရေး မြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်ကချမှတ်ထားသော ရည်မှန်းချက်များ ပြည့်မြောက်ကျော်လွန်စေရန် ကြွယ်ဝ ပေါများသည့် သယံဇာတစွမ်းအား၊ ပြည်သူများ၏ လုပ်ကိုင်နိုင်မှု စွမ်းအား၊ ကြံစည်အားထုတ်မှုစွမ်းအားနှင့် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်မှုစွမ်းအားတို့ ပေါင်းစည်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က တည်ဆောက်ပေးထားသော အခြေခံအဆောက်အအုံများကို ထိထိမိမိ အသုံးပြု၍ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ကြိုးစားလုပ်ဆောင်ကြပါလျှင် ခေတ်မီဖွံ့ဖြိုး တိုးတက်သည့်နိုင်ငံအဖြစ် မလွဲဧကန် ဖြစ်ထွန်းလာမည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စမ်းချောင်း ရွှာဦးသဲပုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

နှစ်စဉ် ကျင်းပမြဲဖြစ်သော စမ်းချောင်းမြို့နယ် မြင့်မိုရ်လမ်း ရွှာဦး သဲပုံစေတီတော် ဗုဒ္ဓပူဇနိယပွဲကို ဧပြီ ၂၃ရက်တွင် ပင့်သံဃာတော် အပါး ၂၀က ရပ်ကွက်၊ လမ်းအသီးသီးသို့ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဧပြီ ၂၄မှ ၂၈ရက်အထိ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ဧပြီ ၂၉ရက် ညတွင် ရင်ပြင်တော်၌ မြသိန်းတန် အောင်ဓမ္မာရုံ ဝတ်အဖွဲ့မှ ဝတ်ရွတ် ပူဇော်ခြင်း၊ ဧပြီ ၃၀ရက် မွန်းလွဲ ၁နာရီမှစ၍ ရပ်ကွက်၊ လမ်းအသီးသီး အန္တရာယ်ကင်းစေရန် ဗုဒ္ဓရုပ်ပွားတော် မြတ်နှင့် စေတီတော်၊ ထီးတော်များ ဒေသစာရီ ကြွချီအပူဇော်ခံခြင်း၊ မေ၁ရက် နံနက် ၁၀နာရီတွင် ဘုရား အမှူးပြု၍ ပင့်သံဃာ အပါး ၅၀ကို ဘုံဆွမ်းများ ဆက်ကပ်လှူဒါန်းမည်ဟု သိရ၏။ **(က-ပ)**

သံဖြူဇရပ်မြို့နယ် ရေစကျ်တောင် ရော်ဘာခြံ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၂

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၉ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာအုပ်စု ရေစကျ်တောင် ရော်ဘာခြံသို့သွားရောက်၍ ရော်ဘာ ၇၅၈ဒသမ၄ဧက စိုက်ပျိုးထားရှိမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြရာ ရေစကျ်တောင်ရော်ဘာခြံ ဒုတိယမန်နေဂျာ ဦးဇော်မင်းလွင်က ရော်ဘာပျိုးပင် သစ်များ ထပ်မံစိုက်ပျိုးရန် ရော်ဘာစိုက်မြေ ၅၈ဧက ဖော်ထုတ်ဆောင်ရွက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးမောင်မောင်သက်က ရော်ဘာမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်နှင့် ကွန်တိုစနစ်သုံး၍ စိုက်ပျိုးရန် ဆောင်ရွက်ရမည့်အခြေအနေများကိုလည်းကောင်း လိုက်လံရှင်းလင်း တင်ပြကြသည်။

ညွှန်ကြားဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးသည် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရော်ဘာခြံ ဒုတိယမန်နေဂျာ ဦးဇော်မင်းလွင်က ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ညွှန်ကြား ဖြည့်ဆည်းဆောင်ရွက်ပေး၍ ကွန်တိုစနစ်အသုံးပြု စိုက်ပျိုးထားသော ရော်ဘာပင်များနှင့် ရော်ဘာပျိုးခင်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျိုက္ခမီ ရေလယ်တွင် ရှင်ဥပဂုတ္တစံကျောင်းတော် ဆောက်လုပ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မှာကြားညွှန်ကြား

ယင်းနောက် တိုင်းမှူးသည် မုဒုံမြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ကန်ကလေးဥယျာဉ်ခြံ၌ ဒူးရင်းကိုင်းဆက်ပျိုးပင်၊ မင်းကွတ်၊ ကြက်မောက်၊ သံပရာ၊ ကျွဲကောပျိုးပင်များကို လှည့်လည်ကြည့်ရှုပြီးနောက် မော်လမြိုင်မြို့နယ် အတွင်း မြန်မာ့မီးရထားလုပ်ငန်းမှ မော်လမြိုင်-မုဒုံကားလမ်း အောက်တွင် မြေအောက်ဥမင်လိုဏ်ရထားလမ်းကို စက်ယန္တရားများအသုံးပြု၍ မြေတူးဖော် ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမက(၆)၏ ၂၀၀၄-၂၀၀၅ခုနှစ် အခြေခံ ပညာ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကိုမတ် ၂၈ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်စိန်လှ က စတုတ္ထတန်း ကျောင်းသူ မမြတ်ဆုချယ်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (မြန်မာ့အလင်း)

မြဝတီ ရုပ်မြင်သံကြား

၂၃-၄-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ရှည်လျားတဲ့ဘဝသံသရာ"**

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၅။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၆။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Asean Economics (ဒုတိယနှစ်-စီးပွားရေး)
- ၅:၃၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၃၄)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ English Premier League ဘောလုံးပွဲ "Chelsea Vs Fulham" (Delay)

● ရှေ့ဖုံးမှ

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရဲအရာရှိကြီးများနှင့် ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လုပ်ငန်းဆိုင်ရာများ မှာကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ဦးစီးဦးဆောင်ပြုနေသည့် တာဝန်ရှိပုဂ္ဂိုလ်များကို ယခုကဲ့သို့တွေ့ဆုံခိုက် ရှင်းလင်းပြောကြားသင့်သည်များကို ရှင်းလင်းမှာကြားသွားမှာဖြစ်ကြောင်း။

စတင်ဆောင်ရွက်ခဲ့

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဥပဒေကို ကိုယ်စားပြုပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းကျောင်းနေရသည့် အဖွဲ့အစည်း၊ လက်နက်ကိုင်ထားသည့် အဖွဲ့အစည်း၊ ပြည်သူများနှင့် အမြဲထိတွေ့ ဆက်ဆံနေရသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် ရဲတပ်ဖွဲ့ကို အနှစ်သာရရော၊ ပုံသဏ္ဌာန်ပါ အခြေခံကျကျ ပြောင်းလဲလာအောင် ၁၉၉၅ ခုနှစ်မှစပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

စည်းကမ်းစနစ်ကျနသည့် အဖွဲ့အစည်းဖြစ်ရေး၊ ပြည်သူလေးစားအားကိုးသော အဖွဲ့အစည်းဖြစ်ရေး၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ခိုင်မာသည့် အရန်အင်အားစုဖြစ်ရေးတို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဖွဲ့စည်းပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်နေကြောင်း။

ရှေ့တန်းမှ ပါဝင်ထမ်းဆောင်

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရ၏ လမ်းညွှန်ကြပ်မတ်မှုများနှင့်အညီ ကြောင်းကျိုးခိုင်မာသည့် ရည်မှန်းချက်ချမှတ်ပြီး မိမိတပ်ဖွဲ့၏ တိုးတက်ပြောင်းလဲမှုများကို ဖော်ဆောင်ရင်း တစ်ဖက်မှလည်း နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ရှေ့တန်းမှ ပါဝင်ထမ်းဆောင်နေရသည့် အခြေအနေမျိုးဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီး၏ အုပ်ချုပ်ရေးယန္တရားများကို ကြည့်ပါက တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားမှုများ မည်သို့ပင်ရှိစေကာမူ ရဲတပ်ဖွဲ့သည် အုပ်ချုပ်ရေးယန္တရားတစ်ရပ်၏ အင်္ဂါစဉ်တစ်ခုအဖြစ် ရပ်တည်ပါဝင်စမြဲဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိန်းသိမ်းကာကွယ်ရန်အပြင် ပြည်သူလူထုကို ဥပဒေနှင့်အညီ စောင့်ရှောက်ကူညီရန်စသည့် ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် နိုင်ငံတိုင်းမှာ ရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် ဖွင့်ဆိုကြရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ရဲတပ်ဖွဲ့ကို ဖွဲ့စည်းပျိုးထောင်မှု၊ လေ့ကျင့်မှု၊ အသုံးချမှုတွေအပေါ် မူတည်ပြီး ရဲတပ်ဖွဲ့၏အခန်းကဏ္ဍမှာ ခေတ်ကာလအလိုက် အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်ခဲ့ကြရတာ ဖြစ်ပါကြောင်း၊ တချို့သော ခေတ်ကာလ၊ တချို့သော နိုင်ငံ၌ ရဲတပ်ဖွဲ့သည် အုပ်ချုပ်သူ လူတန်းစား၏ ဖိနှိပ်ရေးကိရိယာသက်သက်အဖြစ် အသုံးချခံရပြီး နာမည်ဆိုးထွက်ခဲ့ရသည်များ ရှိကြောင်း။

အလေးအနက်သတိထား

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းကို ပြန်ကြည့်လျှင် ကိုလိုနီနယ်ချဲ့စနစ်၏ လက်အောက်မှ ပုလိပ်အဖွဲ့အဖြစ် စတင်သန္ဓေတည်ဖွဲ့စည်းခဲ့ပြီး ခါးသီးသည့် သမိုင်းသင်ခန်းစာရှိခဲ့သည်ကို အလေးအနက် သတိထားရမည်ဖြစ်ကြောင်း။

သို့ရာတွင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဆိုသည့် ပြည်သူလူထုအပေါင်း နိုင်ငံရေးအရ နိုးကြားပြင်းထန်လာပြီး လွတ်လပ်ရေးရရန် လက်တစ်ကမ်းလိုသည့် အချိန်မှာ ရဲတပ်ဖွဲ့သည် နယ်ချဲ့ဆန့်ကျင်ရေးသပိတ်ကို ပြည်သူတွေနှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည့် ကောင်းသောအစဉ်အလာရှိခဲ့သည်ကိုလည်း မှတ်မှတ်သားသား သတိမူရမှာဖြစ်ကြောင်း။

တစ်ပြိုင်တည်းဆောင်ရွက်

ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကို ထူထောင်ရာ၌ သွက်လက်ထက်မြက်ပြီး သန့်ရှင်းစင်ကြယ်သည့် အုပ်ချုပ်ရေးယန္တရားမှာ တိုင်းပြည်အတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နယ်မြေဒေသ အဆင့်အလိုက် အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးထားသကဲ့သို့ အစိုးရအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့တို့ကို ပြောင်းလဲနေသော ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏ မူဝါဒတွေ၊ စီမံကိန်းတွေကို လက်တွေ့သက်ဝင် အကောင်အထည်ပေါ်အောင် နယ်မြေဒေသ အဆင့်အလိုက် ဦးစီးဦးဆောင်တာဝန်ယူကြရသည့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၌ အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူးများကို လက်တွေ့ကျကျ တာဝန်ပေးထားကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ တာဝန်ခံများသည် ပင်မရဲလုပ်ငန်းတာဝန်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကိုသာမက အဆင့်ဆင့်သော ဒေသဆိုင်ရာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၏ လုပ်ငန်းတာဝန်များကိုပါ ပူးတွဲထမ်းဆောင်နေကြရခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၌ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသည်မှာ အုပ်ချုပ်ရေးလုပ်ငန်းသဘာဝအရ ဆက်စပ်နေရုံသာမက ခေတ်ပြောင်း စနစ်ပြောင်းနေသည့် အသွင်ကူးပြောင်းရေးကာလ၏ လိုအပ်ချက်များအရ တာဝန်ပေးအပ်ထားခြင်းလည်းဖြစ်ကြောင်း။

တိုင်းပြုပြည်ပြုအခွင့်အရေး

ထပ်ဆင့်ရှင်းလင်းရမည်ဆိုပါက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ခေတ်စနစ်အသွင်ကူးပြောင်းရေးကို ဆင်နွှဲနေသော အစိုးရဖြစ်သကဲ့သို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည်လည်း အသွင်ကူးပြောင်းရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးနေရသော ဒေသဆိုင်ရာအဖွဲ့များဖြစ်ကြောင်း၊ ယင်းအုပ်ချုပ်ရေးအဖွဲ့များ၌ အဖွဲ့ဝင်အဖြစ် တာဝန်ပေးထားသည်မှာ တိုင်းပြည်၏သမိုင်းရေးဆိုင်ရာ လိုအပ်ချက်အရ တပ်မတော်က ဦးဆောင်တာဝန်ယူပြီး ခေတ်သစ် စနစ်သစ်တစ်ခုကို ကူးပြောင်းတည်ဆောက်နေရသော ကြုံတောင့်ကြုံခဲလှသည့် တိုင်းပြုပြည်ပြုအခွင့်အရေးကို အဖွဲ့အစည်း၏သဘောအရ မိမိတပ်ဖွဲ့ကို ကိုယ်စားပြုပြီး ပါဝင်ထမ်းဆောင်ရသည့်သဘောဖြစ်ကြောင်း။

တစ်ဖက်မှ ရဲလုပ်ငန်းကို လုပ်ကိုင်နေသကဲ့သို့ တစ်ဖက်မှလည်း ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝပြည့်စုံရေး၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးစသည့် ကျယ်ပြန့်သောအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရတာဖြစ်ကြောင်း၊ ဌာနတစ်ခု၏ လိုအပ်ချက်နှင့် အခြားဌာနတစ်ခု၏လိုအပ်ချက်ကို မှန်မှန်ကန်ကန် ညှိနှိုင်းပေါင်းစပ်ပေးရန် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် ဌာနဆိုင်ရာများ၏ လိုအပ်ချက်ကို ဟန်ချက်ညီညီ မျှမျှတတ ပေါင်းစပ်ညှိနှိုင်းပေးရန်၊ နိုင်ငံတော်တစ်ရပ်လုံး၏ လိုအပ်ချက်နှင့် နယ်မြေဒေသ၏လိုအပ်ချက်ကို မျှတစွာ ပေါင်းစပ်ညှိနှိုင်းပေးရန် စသည့်ကိစ္စများမှာ ဌာနဆိုင်ရာတစ်ခုချင်း၏ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်နေမည်ဆိုလျှင် မြန်မြန်ဆန်ဆန် မပြီးမြောက်နိုင်သည့်အတွက် မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန် ပြီးမြောက်အောင် တွန်းအားပေးပေါင်းစပ်မှု၊ ကြပ်မတ်မှုပြုနိုင်ရန် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများက တာဝန်ယူထမ်းဆောင်နေတာဖြစ်ကြောင်း။

ယင်းလုပ်ငန်းများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်စုံနှင့် အကျုံးဝင်ပတ်သက်နေတာဖြစ်ကြောင်း၊ ဤနေရာတွင် တက်ရောက်နေသည့် ရဲအရာရှိများကိုယ်တိုင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များတွင် ပါဝင်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် အုပ်ချုပ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်များနှင့် အမြင်ကျယ်ကျယ်လုပ်ကြောင်းကို သိကြပြီးဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့ကြောင့် ရဲတပ်ဖွဲ့တာဝန်ခံများသည် ရဲလုပ်ငန်းကိုသာ ငါ့လုပ်ငန်းပဲဟု ကွက်ပြီးမမြင်ဘဲ ဒေသဆိုင်ရာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်မှုကို အလေးအနက်ထားရန်၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထို့ကြောင့် ခေတ်သစ်ထူထောင်ရေး၊ တိုင်းပြုပြည်ပြုထူထောင်ရေးလုပ်ငန်းနှင့်ရဲတပ်ဖွဲ့၏ လုပ်ငန်းစနစ်တစ်ခုလုံး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတို့မှာ ဆက်စပ်နေသည်ဆိုသည့်သဘောကို နှစ်နှစ်ကာကာ နားလည်ခံယူရန်လိုကြောင်း၊ ယင်းသို့ဆက်စပ်ဆောင်ရွက်နေရသည့် မိမိတို့တာဝန်ပိုင်း၏ လေးနက်မှုကို နားလည်ရန် အရေးကြီးသကဲ့သို့ နိုင်ငံတော်၏မူဝါဒများကိုလည်း အမြဲတမ်းလေ့လာဆည်းပူးပြီး မှန်မှန်ကန်ကန် ကျင့်သုံးအကောင်အထည်ဖော်နေရန်လိုကြောင်း။

အမြဲပြုပြင်ဆုံးမ

အနာဂတ်နှင့် ယှဉ်ပြောမည်ဆိုလျှင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားမှာလည်း ရဲတပ်ဖွဲ့သည် ခိုင်မာသည့်အခြေခံအုတ်မြစ်အဖြစ် ဆက်လက်ရပ်တည်တာဝန်ယူသွားကြရမှာဖြစ်သည့်အတွက် မိမိတို့၏ အရည်အသွေးနှင့်စွမ်းရည် (Professionalism) ထက်မြက်နေအောင် ကြိုးစားဖြည့်ဆည်းနေရန်လိုကြောင်း၊ လုပ်ငန်းကျွမ်းကျင်ပြီး ပြည်သူကို အလုပ်အကျွေးပြုလိုစိတ်၊ နိုင်ငံတော်ကိုချစ်မြတ်နိုးစိတ်၊ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားရေးခံယူချက်တို့ကို အမြဲရှင်သန်ခိုင်မာအောင် ယုံကြည်ချက် မှန်ကန်အောင် အမြဲပြုပြင်ဆုံးမနေကြရမှာလည်းဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ တိုးတက်ပြီးကြီးပွားရန်ဆိုသည်မှာ အများ၏အကျိုးစီးပွားနှင့်တစ်ဦးချင်း၊ အစုအဖွဲ့တစ်ခုချင်း၏ အကျိုးစီးပွား၊ နိုင်ငံတော်၏အကျိုးစီးပွားနှင့်ဒေသတစ်ခုချင်း၏ အကျိုးစီးပွားမျှတအောင် သဟဇာတဖြစ်အောင် ထိန်းကိုင်လမ်းကြောင်းပေးသည့်ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ဓလေ့ထုံးစံများကို လေးစားလိုက်နာမှုအပေါ်တွင်လည်း တည်မှီနေကြောင်း။

အလေ့အကျင့်ကောင်း

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားအရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ကြရမှာ နိုင်ငံတစ်ဝန်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ထွန်းကားအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အများပြည်သူကို ဥပဒေဘောင်အတွင်း နေထိုင်ကြရန်၊ စည်းကမ်းရှိရန်၊ ထိန်းသိမ်းကြပ်မတ်ပြုပြင်သွားရမည့် ဝန်ထမ်းများကိုယ်တိုင်က ဥပဒေ၊ စည်းမျဉ်းများကို နားလည်ရုံသာမက စံနမူနာပြလေးစားလိုက်နာရန် အထူးလိုအပ်ကြောင်း။

မိမိတို့၏လုပ်ငန်းများကို ထမ်းဆောင်ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ စသည့်အဂတိတရားဆိုးများ ရှောင်ကြဉ်ပြီး တံစိုးလက်ဆောင်တောင်းခြင်း၊ တံစိုးလက်ဆောင် မပေးပေးအောင် အကြပ်ကိုင်ခြင်းစသည့် ပြည်သူအမြင်မှာ စက်ဆုပ်ဖွယ်ရာများကို မပြုလုပ်မိကြရန် အထူးလိုအပ်ကြောင်း၊ **နိုင်ငံတော်၏ သမိုင်းပေးတာဝန်၊ မိမိတပ်ဖွဲ့၏အခန်းကဏ္ဍနှင့်ပြည်သူများ၏ ခံစားနေရသည့်ဘဝကို မှန်မှန်ကန်ကန် ဆက်စပ်နားလည်နိုင်ရန် အရေးကြီးပါကြောင်း၊** သို့မှလည်း မိမိ၏ရာထူး၊ မိမိ၏ဂုဏ်သိက္ခာ၊ မိမိတပ်ဖွဲ့၏ မျက်နှာကိုထောက်ထားနိုင်သည့် ဆင်ခြင်တုံတရားသည် ပိုမိုရှင်သန်လာမှာဖြစ်ကြောင်း၊ **မျိုးချစ်စိတ်ဓာတ်ရှိသည့်တပ်ဖွဲ့၊ စွမ်းရည်ထက်မြက်ပြီး ခေတ်မီသည့်တပ်ဖွဲ့၊ ပြည်သူလေးစားအားကိုးသောတပ်ဖွဲ့ဆိုသည့် ရဲတပ်ဖွဲ့၏မွန်မြတ်သော ရည်မှန်းချက်များသည်လည်း လက်တွေ့အကောင်အထည် ဖော်လာမည်ဖြစ်ကြောင်း**ဖြင့် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ရဲတပ်ဖွဲ့၏ မွန်မြတ်သော ရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်

- ❑ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၌ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ထားသည်မှာ အုပ်ချုပ်ရေး လုပ်ငန်းသဘာဝအရ ဆက်စပ်နေရုံသာမက ခေတ်ပြောင်း စနစ်ပြောင်းနေသည့် အသွင်ကူးပြောင်းရေးကာလ၏ လိုအပ်ချက်များအရ တာဝန်ပေးအပ်ထားခြင်းလည်းဖြစ်၊
- ❑ တစ်ဖက်မှ ရဲလုပ်ငန်းကို လုပ်ကိုင်နေသကဲ့သို့ တစ်ဖက်မှလည်း ဒေသတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝပြည့်စုံရေး၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးစသည့် ကျယ်ပြန့်သောအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရတာဖြစ်၊
- ❑ ခေတ်သစ်ထူထောင်ရေး၊ တိုင်းပြုပြည်ပြုထူထောင်ရေးလုပ်ငန်းနှင့် ရဲတပ်ဖွဲ့၏ လုပ်ငန်းစနစ် တစ်ခုလုံး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတို့မှာ ဆက်စပ်နေသည်ဆိုသည့်သဘောကို နှစ်နှစ်ကာကာ နားလည်ခံယူရန်လို၊
- ❑ မျိုးချစ်စိတ်ဓာတ်ရှိသည့်တပ်ဖွဲ့၊ စွမ်းရည်ထက်မြက်ပြီး ခေတ်မီသည့်တပ်ဖွဲ့၊ ပြည်သူလေးစား အားကိုးသောတပ်ဖွဲ့ဆိုသည့် ရဲတပ်ဖွဲ့၏မွန်မြတ်သော ရည်မှန်းချက်များသည်လည်း လက်တွေ့ အကောင်အထည်ဖော်လာမည်ဖြစ်၊

ဗီယက်နမ်နှင့်တောင်ကိုရီးယား ဝန်ကြီးချုပ်တို့တွေ့ဆုံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်သဘောတူညီ

ဟန္နိုင်း ဧပြီ ၂၁

ဗီယက်နမ်ဝန်ကြီးချုပ်ဖန်ဗန်ခိုင်နှင့် အလည်အပတ်ရောက်ရှိနေသော တောင်ကိုရီးယားဝန်ကြီးချုပ် လီဟေချန်းတို့သည် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် အခိုင်အမာပြောဆိုခဲ့ကြကြောင်း ဗီယက်နမ်သတင်းစာက ဗုဒ္ဓဟူးနေ့က ဖော်ပြသည်။

အဆိုပါ ဝန်ကြီးချုပ်နှစ်ဦးသည် အင်္ဂါနေ့က တွေ့ဆုံဆွေးနွေးစဉ် အတွင်း ထုတ်ကုန်လုပ်ငန်းများ၊ ဓာတ်သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဓာတုထုတ်ကုန်လုပ်ငန်း၊ စွမ်းအင်ကဏ္ဍနှင့် ပို့ဆောင်ရေးလုပ်ငန်းများကဲ့သို့သော ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ဆောင်ရွက်

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ စီးပွားရေးဝန်းကျင်ကို ဆက်လက်တိုးတက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားရင်းနှီးမြှုပ်နှံသူများအား လုပ်ကိုင်စေမည်ဖြစ်ကြောင်း ခိုင်ကပြောကြားသည်။

မိမိတို့သည် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းများကို အားပေးကြောင်း၊ အထူးသဖြင့် အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဗီယက်နမ်တွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ကြောင်း ၎င်းကပြောကြားသည်။

တောင်ကိုရီးယား ဝန်ကြီးချုပ်ကလည်း ဒဗလျူတီအိုသို့ ဝင်ရောက်ရေးအတွက် ဗီယက်နမ်၏ထောက်ခံမှုကို အလေးအနက်ထားကြောင်း၊ တောင်ကိုရီးယားအစိုးရက ဗီယက်နမ်နှင့် မကြာမီဆောင်ရွက်မည့်လုပ်ငန်းများအပေါ် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပါဝင်ယှဉ်ပြိုင်

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ် ဝီဖန်မြို့တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် ဝီဖန်နိုင်ငံတကာ စွန်လွှတ်ပြိုင်ပွဲတွင် အိုလံပစ်အမှတ်တံဆိပ် ပုံသဏ္ဌာန် စွန်တစ်ခုလွှတ်တင်နေသည်ကို ဧပြီ ၂၁ ရက်က တွေ့ရစဉ်။

(ပြိုင်ပွဲသို့ နိုင်ငံပေါင်း၄၀မှ စွန်ပေါင်း ၅၂၃ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ကုလအတွင်းရေးမှူးချုပ် အိန္ဒိယသို့ လာရောက်လည်ပတ်မည်

နယူးဒေလီ ဧပြီ ၂၂

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဧပြီ ၂၆ရက်မှစပြီး အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်ကြောင်းအင်ဒိုအာရှနယူးစ်က ဖော်ပြသည်။

ဖော်ပြ

ကိုဖီအာနန်သည် အိန္ဒိယသို့ တတိယအကြိမ် လာရောက်ခြင်းဖြစ်မည်ဖြစ်ကြောင်း၊ ၁၉၉၇ခုနှစ် ဧပြီလက တစ်ကြိမ်၊ ၂၀၀၁ခုနှစ် မတ်လက တစ်ကြိမ် လာရောက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၆ ဒီဇင်ဘာလတွင် ၎င်း၏ သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တွေ့ဆုံ

အာနန်သည် သွားရောက်လည်ပတ်စဉ်အတွင်း အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူလ်ကလမ်နှင့်လည်းကောင်း၊ ဝန်ကြီးချုပ်မန်မိုဟန်ဆင်းနှင့် ဆိုနီယာဂန္ဒီတို့နှင့်လည်းကောင်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

မလေးရှားနိုင်ငံ၏ ကားရောင်းချရမှု ယခုနှစ် ပထမသုံးလအတွင်း မြင့်တက်

ကွာလာလမ်ပူ ဧပြီ ၂၂

မလေးရှားနိုင်ငံ၏ ၂၀၀၅ခုနှစ် မတ်လ ကားအရောင်းမှာ စီးရေ ၅၀၅၅၈ စီးဖြစ်ပြီး ၂၁ဒသမ ၆ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း မလေးရှားကားထုတ်လုပ် ရောင်းချရေးအသင်း(အမ်အေအေ)က အင်္ဂါနေ့တွင် ပြောကြားသည်။ ဝယ်လိုအား မြင့်မားလာမှုနှင့်အတူ ထုတ်လုပ်မှု အရှိန်မြှင့်ဆောင်ရွက်ခဲ့ရာ ဈေးကွက်အခြေအနေများ တိုးတက်ခဲ့ကြောင်း၊ မတ်လအတွင်း မလေးရှားကားထုတ်လုပ်မှုနှင့် ရောင်းချရမှုစာရင်းများ ထုတ်ပြန်ရာတွင် အမ်အေအေက ပြောကြားသည်။

နှိုင်းယှဉ်

မတ်လက ရောင်းချခဲ့သောကား အရောင်းပမာဏမှာ ခရီးသည်တင်ကား ၃၇၅၄၄ စီး၊ စီးပွားရေးလုပ်ငန်းသုံးယာဉ် ၁၃၀၁၄စီးဖြစ်ကြောင်း၊ ၂၀၀၄ခုနှစ် မတ်လက ခရီးသည်တင်ကား ၃၂၆၅၃စီး၊ စီးပွားရေးလုပ်ငန်းသုံး ယာဉ် ၈၉၂၆ စီးရောင်းချခဲ့သည်နှင့် နှိုင်းယှဉ်ကြည့်နိုင်ကြောင်း ၎င်းစာရင်းဇယားများက ဖော်ပြသည်။

တိုးတက်

ယခုနှစ် ပထမသုံးလအတွင်း မလေးရှားနိုင်ငံ၏ ကားရောင်းချရမှု မှာ ယမန်နှစ် အလားတူကာလက ကားစီးရေ၁၀၄၄၁၀ ရောင်းချခဲ့ရာမှ ၁၂၇၁၁၃စီး အထိ တိုးတက်ရောင်းချခဲ့ရသည်ဟု ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ကားစီးရေ ၁၃၅၂၇၂ စီးထုတ်လုပ်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ပြီး ဆက်ဆံရေးတိုးတက်စေရန် တရုတ်နှင့်ကျူးဘားနှစ်နိုင်ငံခေါင်းဆောင်များ သန္နိဋ္ဌာန်ပြု

ပေကျင်း ဧပြီ ၂၁

တရုတ်နှင့်ကျူးဘားနှစ်နိုင်ငံခေါင်းဆောင်များသည် ပူးပေါင်းဆောင်ရွက်မှုချဲ့ထွင်ပြီး ဆက်ဆံရေးတိုးတက်စေရန် ပေကျင်းမြို့၌ တနင်္လာနေ့က သန္နိဋ္ဌာန် ပြုခဲ့ကြသည်။

ကျူးဘားခေါင်းဆောင် ရောလ်ကက်စထရိုရုဇ်နှင့် အစည်းအဝေး ပြုလုပ်ခိုက်တွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က မကြာသေးသော နှစ်များတွင် တရုတ်နှင့် ကျူးဘားနိုင်ငံတို့သည် နက်ရှိုင်းစွာ ချစ်ကြည်ရင်းနှီးစွာဆက်ဆံခဲ့ကြကြောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်မှုသစ်များလည်း ရရှိခဲ့ကြကြောင်း ပြောကြားခဲ့သည်။

တွန်းအားပေး

တရုတ်-ကျူးဘားချစ်ကြည်ရင်းနှီးမှုကို တရုတ်နိုင်ငံ၏ ကွန်မြူနစ်ပါတီနှင့် အစိုးရက များစွာတန်ဖိုးထားကြောင်း၊ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလထဲ၌ တရုတ်သမ္မတ ဟူကျင်တောင် ကျူးဘားသို့ အလည်ရောက်ခဲ့စဉ် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူချက်များကို တရုတ်နိုင်ငံက ကျူးဘားနှင့်အတူ တက်ကြွစွာအကောင်အထည်ဖော်လိုကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုများကိုလည်း အဆင့်မြှင့်ရန် တွန်းအားပေးသွားလိုကြောင်း ဝန်ကြီးချုပ်ဝမ်က ပြောကြားသည်။

အသိအမှတ်ပြု

ကျူးဘား ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး ရောလ်ကက်စထရိုကလည်း ဆွေးနွေးပွဲ၌ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအောင်မြင်မှုများအတွက် တရုတ်ကွန်မြူနစ်ပါတီသည် ကမ္ဘာ့၏အသိအမှတ်ပြုခြင်းကို ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

ဖွံ့ဖြိုးတိုးတက်မှု

ထို့ပြင် ကျူးဘားခေါင်းဆောင်က တရုတ်ကွန်မြူနစ်ပါတီနှင့် တရုတ်အစိုးရသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ ကောင်းရှုံသာမက ကောင်းစွာ ညှိနှိုင်းဆောင်ရွက်မှုနှင့် သဟဇာတဖြစ်သော ဖွံ့ဖြိုးတိုးတက်မှု၌လည်း ကောင်းခဲ့ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘာဆာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေး စောင့်ကြပ်နေသည်ကို ဧပြီ ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



စက်သုံးဆီသုံးစွဲမှု ချွေတာရန် ထိုင်းအစိုးရယာဉ်များဓာတ်ငွေ့သုံးစွဲမည်

ဗန်ကောက် ဧပြီ ၂၁

ထိုင်းနိုင်ငံရှိ အစိုးရ မော်တော်ယာဉ်များသည် စက်သုံးဆီသုံးစွဲမှု ချွေတာရန် ယခုနှစ်ကုန်ပိုင်းတွင် ဓာတ်ငွေ့ များကို စက်သုံးဆီအဖြစ် သုံးစွဲကြမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးအဖွဲ့က ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

ထိုင်းနိုင်ငံရှိ နိုင်ငံပိုင်အစိုးရဌာနဆိုင်ရာများတွင် မောင်းနှင်အသုံးပြုနေသော မော်တော်ယာဉ်များသည် ဓာတ်ငွေ့အသုံးပြု၍ ယခုနှစ်ကုန်ပိုင်းတွင် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း အစိုးရဒုတိယပြောခွင့်ရပုဂ္ဂိုလ် ဒါနုပုန်း ပွန်နာကွမ်၏ ပြောကြားချက်ကို ဗန်ကောက်ပို့စ်က ဗုဒ္ဓဟူးနေ့၌ ဖော်ပြသည်။

လျှော့ချ

ယင်းကဲ့သို့ ဆောင်ရွက်ခြင်း၏ နောက်ဆုံးရည်ရွယ်ချက်သည် ၂၀၀၇ ခုနှစ်တွင် အစိုးရကဏ္ဍများ၏ အောက်တိန်း ဓာတ်ဆီ ၉၅ သုံးစွဲခြင်းကို သုညအထိ လျှော့ချဖြတ်တောက်ပစ်ရန်ဖြစ်ကြောင်း သိရသည်။ နိုင်ငံပိုင်ယာဉ်စုစုပေါင်း ၄၈၀၀ သည် ဓာတ်ငွေ့အသုံးပြုမောင်းနှင်နိုင်ပြီး ၃၀၅စီးသာ ယင်းကဲ့သို့ဓာတ်ငွေ့ယာဉ်အဖြစ်ပြုလုပ်ရမည်ဖြစ်ကြောင်းဒါနုပုန်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယ ကျောက်မျက်ရတနာတင်ပို့မှု ၂၉ရာခိုင်နှုန်းကျော် တိုးတက်

နယူးဒေလီ ဧပြီ ၂၂

အိန္ဒိယနိုင်ငံ၏ ကျောက်မျက်နှင့် လက်ဝတ်ရတနာပစ္စည်းများ တင်ပို့ရောင်းချမှုသည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ၂၉ဒသမ ၂၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၃ ဘီလီယံဖိုးရောင်းချခဲ့ရာမှ ၁၅ဒသမ ၆၈ဘီလီယံဖိုးအထိ ရောင်းချခဲ့ရကြောင်း အင်ဒိုအာရှနယူးစ်ဆားဗစ်က ဖော်ပြသည်။

၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်အတွင်း သွေးပြီးစိန်များ တင်ပို့ရောင်းချခဲ့ရာ ၂၉ဒသမ ၆ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၂ဘီလီယံဖိုးရှိကြောင်း၊ ယမန်နှစ်က ၈ဒသမ ၆၃ဘီလီယံနှင့် နှိုင်းယှဉ်ကြည့်နိုင်ကြောင်း၊ လက်ဝတ်ရတနာလုပ်ငန်းတွင် ၄၂ ဒသမ ၂၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သီဟဒီပ သင်္ဘောင်တူးရေယာဉ် ရန်ကုန်မြစ်ကြောင်း၊ သန်လျက်စွန်းရေလမ်းကြောင်း တစ်လျှောက် သင်္ဘောင်တူးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် "သမီးလှ" ရေယာဉ်ဖြင့် ထွက်ခွာကြပြီး ယင်းမှတစ်ဆင့် ရန်ကုန်မြစ်ကြောင်းတွင် သောင်တူးလျက်ရှိသည့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် "သီဟဒီပ"သောင်တူးရေယာဉ်ပေါ်သို့ တက်ရောက်ကာ ရန်ကုန်မြစ်ကြောင်း သန်လျက်စွန်းရေလမ်းကြောင်းတစ်လျှောက်တွင် "သီဟဒီပ" သောင်တူးရေယာဉ်က သောင်တူးဖော်မှု အဆင့်ဆင့်၊ ရေယာဉ်ပေါ်ရှိနုန်းကန်အတွင်းသို့ သောင်တူး၍ နုန်းများစုပ်ထည့်နေမှု၊ ရန်ကုန်မြစ်ဝ မြစ်ဆုံနေရာသို့ နုန်းများသွားရောက်စွန့်ပစ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား သီဟဒီပသောင်တူးရေယာဉ် ဧည့်ခန်းမ၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ရန်ကုန်ဆိပ်ကမ်းမြစ်ကြောင်းအခြေအနေ၊ အတွင်းစည်းခုံ (Inner Bar)နှင့် အပြင်စည်းခုံ (Outer Bar)ရေလမ်းကြောင်း သောင်တူးဖော်ခြင်းလုပ်ငန်း၊ ရန်ကုန်ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောကြီးများဝင်ထွက်မှုအခြေအနေ၊ သောင်တူးဖော်ခြင်းလုပ်ငန်း ထိရောက်မှုရှိစေရေးအတွက် စွမ်းအားမြှင့်ဆောင်ရွက်မှု အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးဦးဖေသန်းက ရန်ကုန်မြစ်ကြောင်း ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်ခြင်းလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည့် သောင်တူး/သောင်စုပ်ရေယာဉ်များအခြေအနေ၊ အပြင်စည်းခုံ(Outer Bar) ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်ခြင်းလုပ်ငန်းနှင့် သောင်တူးဖော်မှု အဆင့်ဆင့်၊ သင်္ဘောများဆိုက်ကပ်ရာ ဆိပ်ခံဇောတံတားများ၏ ရှေ့ရေပြင် အခြေအနေနှင့် ရန်ကုန်မြစ် ရေစီးရေလာအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အောင်မြင်အောင်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပင်လယ်ကူးသင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်ရာ၌ လုံလောက်သော ရေအနက်ရရှိရေးအတွက် သောင်တူးဖော်မှုလုပ်ငန်းများကို စေတနာထားပြီး စီမံချက်ပါအတိုင်း ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်မှုအခြေအနေ၊ ရန်ကုန်မြစ်ကြောင်း ရေစီးရေလာအခြေအနေနှင့် ရန်ကုန်ဆိပ်ကမ်းဝဲယာတစ်လျှောက် ဖွံ့ဖြိုးစည်ပင်သာယာမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သီဟဒီပသောင်တူးရေယာဉ်ဖြင့် ပန်းဆိုးတန်း နန်းသီတာဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလပြည့်နေ့ (ဥပုသ်နေ့)
၂၃-၄-၂၀၀၅(စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၅ ၇။ တေးဂီတအစီအစဉ်
- ၈:၁၅ ၈။ စလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ပန်းမေတ္တာ"**(အပိုင်း-၂၈)
- ၁၃:၃၀ ၇။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၁၃:၄၀ ၈။ **"အခမဲ့ ကူလီထမ်းခြင်းအကျိုး"** ဇော်ဦး၊ သျှားညို၊ ခင်စိုးပိုင်၊ နွဲ့နွဲ့စန်း (ဒါရိုက်တာ-အောင်မြင့်မြတ်)
- ၁၄:၂၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၁၀။ ဆွာချောင်းရေလှောင်တမံ
- ၁၄:၄၅ ၁၁။ International News
- ၁၅:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ အကပြိုင်ပွဲ
- ၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၈။ တေးပုစာဆို မြမြင့်အောင်(မြင်းခြံ)ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
- ၁၈:၀၀ ၉။ **"အသိစိတ်ကလေး အရင်းတည်၍"** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၂၅ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"**(အပိုင်း-၁၅)
- ၁၉:၃၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ ကာတွန်း၊ ဓာတ်ပုံပြိုင်ပွဲအကြောင်းသိကောင်းစရာ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၃၄)
- ၂၁။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

စီမံကိန်းရည်မှန်းချက်များပြည့်မီကျော်လွန်အောင်ဖိဖိစီးစီးကြိုးပမ်း လယ်ယာ၊စက်မှု၊စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဇောင်းပေး

ရန်ကုန် ဧပြီ ၂၂

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ရန်လုပ်ငန်းလမ်းညွှန်မှုအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ တက်ရောက်အမှာစကားပြောကြားသည်။

ဇောင်းပေးဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် တတိယကာလတိုငါးနှစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ်အထိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ယခုအချိန်သည် တတိယကာလတိုငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သည့် ၂၀၀၄-၂၀၀၅ခုနှစ် စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း၊ အကောင်အထည်ဖော်ပြီးစီးမှုအပေါ်မူတည်၍ အားသာ အားနည်းချက်များကို သုံးသပ်ပြီး ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တတိယကာလတိုငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၀၄-၂၀၀၅ခုနှစ်တွင် စီမံကိန်းရည်မှန်းချက်ကို ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း၊ ရှေ့ဆက်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံအလုပ်ရုံများကို စက်စွမ်းအားပြည့်လည်ပတ်ရေး၊ စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဇောင်းပေးဆောင်ရွက်ရန်ဖြစ်ကြောင်း။

နိုင်ငံတော်၏စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရာတွင် ရည်မှန်းချက်များပြည့်မီရေးအတွက် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲပြီး အားနည်းချက်များကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းထံ အချိန်မီ တင်ပြပေးခြင်းဖြင့် နှစ်ကုန်တွင် ရည်မှန်းချက်များ ပြည့်မီစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နှိုင်းယှဉ်လေ့လာ

ရုံးချုပ်စီးပွားရေးကဏ္ဍတာဝန်ခံများ အနေဖြင့်လည်း မိမိတို့ကဏ္ဍအလိုက် ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှု အခြေအနေများကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်ရန်နှင့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများကို ကမ္ဘာ့ဈေးနှုန်းများနှင့် နှိုင်းယှဉ်လေ့လာထားရန်လိုကြောင်း။

လယ်ယာကဏ္ဍတွင် အဓိက သီးနှံ၊ အမယ်သစ်နှင့် နှစ်ရှည်သီးနှံများ၏ စိုက်ပျိုးထွက်ရှိမှု အခြေအနေများကို ပြည့်စုံစွာ စာရင်းဇယားများ ပြုစုထားရှိရန်နှင့် သီးနှံအလိုက်အထွက်နှုန်းများကို ပန်းတိုင်အထွက်နှုန်းများနှင့် နှိုင်းယှဉ်ပြီး ပြည့်မီမှု ရှိမရှိကို စာရင်းဇယားပြုစုထားရှိရန် မှာကြားသည်။

ထို့နောက် ပြည်နယ်၊တိုင်း စီမံကိန်းတာဝန်ခံများက မိမိတို့ ပြည်နယ်၊တိုင်းအလိုက် ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေများ၊ ၂၀၀၅-၂၀၀၆ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမိုးသွပ်ပြားထုတ်လုပ်ရေးဆွေးနွေး

ရန်ကုန် ဧပြီ ၂၂

စင်ကာပူနိုင်ငံ Maruberi-Itochu Steel Pte., Ltd. မှ Asia နှင့် Oceania ၏ အထွေထွေမန်နေဂျာ Mr.Yasu-shiko koike သည် တာဝန်ကာလပြီးဆုံးသွားသဖြင့် သူ၏နေရာကိုထမ်းဆောင်မည့် အထွေထွေမန်နေဂျာMr.Hiroku Some နှင့် Myanmar Steel Industries Co.,Ltd. ၏ မန်နေဂျင်းဒါရိုက်တာ Mr.Shigeru Mura Kariတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်အား ဧပြီ ၂၀ ရက်မွန်းလွဲပိုင်းက လာရောက်တွေ့ဆုံပြီး မြန်မာပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသော အမိုးသွပ်ပြားထုတ်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီးဆွေးနွေးကြသည်။ ထို့နောက် Steel ထုပ်လုပ်ရေးကို မိမိတို့ ပါဝင်လုပ်ဆောင်ရန် စိတ်ဝင်စားကြောင်း၊ Steel လုပ်ငန်းနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် တနင်္ဂနွေနေ့နှင့် နောက်ဆုံးပတ်တနင်္ဂနွေနေ့တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ခုနှစ် ဧပြီလအတွက်

နောက်ဆုံးပတ် တနင်္ဂနွေနေ့ (၂၄-၄-၂၀၀၅ရက်)နေ့

၂၀၀၅ခုနှစ် မေလအတွက်

(၈-၅-၂၀၀၅ရက်)နေ့နှင့်
(၂၉-၅-၂၀၀၅ရက်)နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၅ (စနေနေ့)

- ၇:၀၀ အဖွင့် ယနေ့အစီအစဉ်
- ၇:၀၅ ဝါသနာရှင်စင်မြင့်
- ၇:၅၀ ပြည်တွင်းသတင်း
- ၇:၅၅ တေးဂီတအစီအစဉ်
- ၈:၀၀ ရင်သွေးငယ်နှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
- ၈:၃၀ နိုင်ငံတကာသတင်း
- ၈:၃၅ မြေလွှာကိုဖွင့်ပြည်ကိုမြှင့်အံ့ (အပိုင်း-၂)
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ ဒဟတ်ပန်းတစ်ခိုင်
- ၉:၁၀ ပြည်တွင်းသတင်း
- ၉:၁၅ ပန်းချီပညာမိတ်ဆက်
- ၉:၄၀ တေးဂီတအစီအစဉ်
- ၉:၄၅ ကံတင်ဘီးလင်းရေလှောင်တမံ
- ၉:၅၅ နိုင်ငံတကာသတင်း
- ၁၀:၀၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
- ၁၀:၃၅ တေးဂီတအစီအစဉ်
- ၁၀:၄၀ မြန်မာ့ရိုးရာတူရိယာ ပစ္စည်းများထဲမှ တိုင်းရင်းသားတို့တူရိယာ
- ၁၁:၄၅ ဒါရိုက်တာလူမင်းနှင့်တွေ့ဆုံခြင်း
- ၁၁:၀၀ အပိတ်

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅) အခမ်းအနားတွင် သဘာပတိ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ဂုဏ်ထူးဆောင်နာယက ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့သည် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးဦးထိပ်ပန်ဆင် နိုင်ငံတော်၊ ပြည်သူနှင့် အသင်းအဖွဲ့၏အကျိုး တက်ညီလက်ညီ အောင်အောင်မြင်မြင်ဆောင်ရွက် တိုင်းရင်းသားပြည်သူများနှင့်အတူ ကျရာကဏ္ဍမှ တစ်တပ်တစ်အား ပံ့ပိုးကူညီဖြည့်ဆည်း

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အကြိုညီလာခံ(၂၀၀၅)သို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၅)ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦး၊ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင် စည်းရုံးရေးလုပ်ငန်းအဖွဲ့(၁၄)ခေါင်းဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုး၊ တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း)ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းကြီးကြပ်ရေးအဖွဲ့ အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များမှ လေ့လာသူကိုယ်စားလှယ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ညီလာခံကိုယ်စားလှယ်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကြိုညီလာခံ ပထမပိုင်းတွင် သဘာပတိအဖြစ် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆောင်ရွက်သည်။

အကြိုညီလာခံတွင် အခမ်းအနားမှူးအဖြစ် မြဝတီရုပ်မြင်သံကြားမှ အရာခံဗိုလ်(အစားခန့်)မင်းမင်းစိုးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် မြဝတီရုပ်မြင်သံကြားမှ တပ်ကြပ်ကြီး(အစားခန့်)အေးမင်းမင်းကိုကလည်းကောင်း ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက ညီလာခံအစီအစဉ်များကို ကြေညာကာ ညီလာခံသို့ ကိုယ်စားလှယ်တက်ရောက်မှုမှာ ၉၉ဒသမ၂ ရာခိုင်နှုန်းရှိသဖြင့် အကြိုညီလာခံ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုညီလာခံစတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးကို ၁၉၇၅ ခုနှစ် ဒီဇင်ဘာလတွင်စတင်ဖွဲ့စည်းခဲ့ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ကြီးအတွက် ချမှတ်ထားခဲ့သောရည်မှန်းချက်၊ ရည်ရွယ်ချက်များ ပီပြင်စွာဆောင်ရွက်နိုင်မှုမရှိသဖြင့် အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ဗဟိုနာယကကြီးလည်းဖြစ် နိုင်ငံတော်အကြီးအကဲလည်းဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ပြည်နယ်နှင့်တိုင်း ကြီးကြပ်ရေးကော်မတီ (၁၇)ဖွဲ့၊ ခရိုင်ကြီးကြပ်ရေးကော်မတီ (၆၄)ဖွဲ့နှင့် မြို့နယ်စည်းရုံးရေးအဖွဲ့(၃၁၃)ဖွဲ့တို့ကို စစ်မှုထမ်းဟောင်း အင်အား ၉၁၁၇၂ ဦးဖြင့် စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း။

စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ရည်ရွယ်ချက် (၃)ရပ်လုပ်ငန်းတာဝန်ကြီး (၅)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

လမ်းညွှန်မှာကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ဗဟိုနာယကကြီးလည်းဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၁၅ ရက် နံနက် ၈ နာရီခွဲက ရခိုင်ပြည်နယ် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမသို့ သွားရောက်ပြီး စစ်တွေတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား တွေ့ဆုံပြီး အောက်ပါအတိုင်း လမ်းညွှန်မှာကြားမှုပြုခဲ့ကြောင်း။

"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ပေးနိုင်သည့် အဓိကအင်အားသုံးရပ်ရှိကြောင်း၊ နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ပင် ဖြစ်ကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် ယင်းအင်အားသုံးရပ် တညီတညွတ်တည်း စုစည်းအားထုတ်ပါမှ မည်သည့်အခက်အခဲကိုမဆို ကျော်လွှားလွန်မြောက်နိုင်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း"။

ဗဟိုစည်းရုံးရေးကော်မတီ၏ ချမှတ်ပေးထားသော ရည်ရွယ်ချက်(၃)ရပ်မှာ တပ်မတော်၏ ဦးဆောင်လမ်းညွှန်မှုကို စဉ်ဆက်မပြတ်ခံယူပြီး နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားစုကြီးအဖြစ် မိတ်ဖက် အဖွဲ့အစည်းများနှင့် လက်တွဲကာတာဝန်ယူဆောင်ရွက်ရေး၊ နိုင်ငံတော် စီမံကိန်းနှင့် လုပ်ငန်းများဖြစ်သည့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် တက်ကြွစွာပါဝင်၍ နိုင်ငံတော်နှင့် ပြည်သူတို့ကို အကျိုးပြု ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ ကိုယ်ပိုင်စွမ်းရည်၊ ကိုယ်ပိုင်ဂုဏ်ဒြပ်နှင့် ပြည့်စုံသောအဖွဲ့ဝင်များဖြစ်စေပြီး အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကို ရှေးရှူ စည်းရုံး လှုပ်ရှားထောက်ပံ့ရေး" တို့ ဖြစ်ကြောင်း၊ ဗဟိုစည်းရုံးရေးကော်မတီ၏ ချမှတ်ထားသော လုပ်ငန်းကဏ္ဍကြီး (၅)ရပ်မှာ– အမျိုးသားနိုင်ငံရေးရာကဏ္ဍ၊ နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးရာကဏ္ဍ၊စီးပွားရေးရာကဏ္ဍ၊လူမှုရေးနှင့်သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းကဏ္ဍတို့ ဖြစ်ပါကြောင်း။

၂၀၀၁ ခုနှစ် ညီလာခံတွင် ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို ချမှတ်နိုင်ခဲ့ကြောင်း။

ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်ကိုလည်း စနစ်တကျဖွဲ့စည်းစေပြီး အဖွဲ့ဝင်များသည် ဂုဏ်ဒြပ်မြင့်မားသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ ဖြစ်ကြသည့်နှင့်အညီ ကိုယ်ပိုင်ဂုဏ်ဒြပ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ခိုင်မာသောစီးပွားရေးလုပ်ငန်းများကို ထူထောင်နေကြပြီဖြစ်ကြောင်း၊ မိမိအဖွဲ့အစည်းအသီးသီး၏ ရန်ပုံငွေတိုးပွားရေး ကြိုးပမ်းဆောင်ရွက်နေကြပြီလည်းဖြစ်ကြောင်း၊

ယနေ့ကမ္ဘာကြီးတွင် ဖြစ်ပေါ်နေသော မငြိမ်သက်မှုများ၊ စစ်ပွဲများ၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့် ယဉ်ကျေးမှုအရ ဩဇာလွှမ်းမိုးချင်စိတ်အားကြီးမှုများ၊ စစ်အင်အားပြိုင်ဆိုင်တိုးချဲ့မှုများ၊ အနိုင်ရလိုချင်စိတ်ကြီးလွန်းခြင်းများ အစရှိသည့် ကိုလိုနီလက်သစ်စနစ် တည်ဆောက်လျက်ရှိသည့် မဟာအင်အားကြီးနိုင်ငံများ၏ နည်းမျိုးစုံဖြင့်ဆောင်ရွက်လျက်ရှိသည့် နည်းဗျူဟာအားလုံးကို မျက်ဝါးထင်ထင် မြင်သာအောင် ကြည့်ရှုပြီး မိမိတို့အနေဖြင့် သူ့ကျွန်ဘဝပြန်မရောက်ရေးအထူးသတိထားရန် လိုအပ်ကြောင်း၊ မိမိတို့ရန်ကုန်တိုင်းအနေဖြင့် အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်ရာတွင် အဖွဲ့ဝင်များအားလုံးသည် ချမှတ်ထားသောလုပ်ငန်းစဉ်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တူညီသော ယုံကြည်ချက်၊ ခံယူချက်ရှိရန်လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ သစ္စာကို အစဉ်အမြဲစောင့်သိရိုသေသည့် တပ်မတော်ဟာ ပြည်ထောင်စုပြိုကွဲမှုကိုတော့ ဘယ်တော့မှ လက်ခံမည်မဟုတ်ကြောင်း၊ ထိုနည်းတူ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲမည်ကိုလည်း လက်ခံမည်မဟုတ်ကြောင်း၊ အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးမှုလည်း လက်ခံမည်မဟုတ်ကြောင်း၊ ဒို့တာဝန် အရေးသုံးပါးအားအမျိုးသားရေးမူဝါဒအဖြစ် လေးနက်စွာ ခံယူကျင့်သုံးလျက် ပြည်သူလူထုအား ဆက်လက်စည်းရုံးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တစိုက်မတ်မတ်

လုပ်ငန်းတာဝန်ကြီး (၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်များ စိမ့်ဝင်ပျံ့နှံ့ရှင်သန်ထက်မြက်စေရန်အတွက် စည်းရုံး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် တစ်တိုင်းလုံးအနေအထားနှင့် ကြည့်မည်ဆိုပါက အမာခံအင်အား ၂၄၃၃၂ဦး၊ အရန်အင်အား ၁၀၃၀၈ဦး ရှိနေပြီဖြစ်ကြောင်း၊ သည်ထက်အင်အားများ တိုးပွားရရှိရေးကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စစ်မှုထမ်းဟောင်း အဖွဲ့ကြီးကို နိုင်ငံတော်ကာကွယ်ရေးအရန်အဖြစ် တည်ဆောက်ထားပါကြောင်း၊ ရန်ကုန်တိုင်းအတွင်းမှာရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့အစည်း အဆင့်ဆင့်ကို ပြည်သူ့စစ် စည်းရုံးလေ့ကျင့်ခြင်း People Mobilization ပုံစံမျိုးဖြင့် တပ်မတော်ကို မည်ကဲ့သို့ အထောက်အကူပြုမည်၊ ပြည်သူကိုမည်ကဲ့သို့ လက်တွဲဦးဆောင်မည် ဆိုသည့် ပြည်သူ့စစ်နည်းဗျူဟာဖြင့် ဆောင်ရွက်သွားနိုင်ရေး အထူးလေ့ကျင့်ပျိုးထောင်ပေးသွားရန် ဖြစ်ကြောင်း။

ပြည်သူ့အကျိုးပြုလုပ်ငန်းများ

စစ်မှုထမ်းဟောင်း အဖွဲ့သည် ပြည်သူမှပေါက်ဖွားလာသည့် တပ်မတော်သားများဖြစ်လာခဲ့သည့်အတွက် ပြည်သူနှင့်တစ်သားတည်းဖြစ်ရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို ထိပါးလာပါက ပြည်သူကိုစည်းရုံးလှုံ့ဆော်ရမည့် စည်းရုံးရေးမှူးများဖြစ်ကြကြောင်း၊ ပြည်သူက လက်ခံလာအောင်၊ ယုံကြည်လာအောင် အသွင်သဏ္ဌာန် အနှစ်သာရပါသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသောလုပ်ငန်းဦးတည်ချက်(၅)ရပ်ကိုအခြားမိတ်ဖက် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး ပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူအပေါ် အကျိုးသက်ရောက်လာစေသော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သောဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် တူညီသော သဘောတရား၊ တူညီသော ယုံကြည်ချက်၊ ခံယူချက်နှင့် လက်တွေ့ပေါင်းစပ်ဆောင်ရွက်သွားပြီးနိုင်ငံတော်၏အကျိုး၊တိုင်းရင်းသားပြည်သူများ၏အကျိုး၊ အသင်းအဖွဲ့၏ အကျိုးအတွက် တက်ညီလက်ညီ အောင်အောင်မြင်မြင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အတွင်း နေရာဒေသအနှံ့နယ်စပ်ဒေသများပါမကျန် အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုသတ်မှတ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ကျေးလက်နေပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းစဉ်များတွင် မိမိတို့စစ်မှုထမ်းဟောင်းများ အနေဖြင့်လည်း နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူတို့နှင့်အတူ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့

စဝ်ခမ်ဖဦးစီးသောရှမ်းပြည်ယာယီအစိုးရကို ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများက လုံးဝ အသိအမှတ်မပြု ပြည်နယ်/တိုင်းအားလုံးရှိ တိုင်းရင်းသားပြည်သူများကလည်း ထောက်ခံခြင်းမရှိသည့်အပြင် ပြစ်တင်ရှုတ်ချ အစိုးရမဟုတ်သည့်(NGO)အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများက ဆန့်ကျင်ကန့်ကွက်

❐ ကျောဖုံးမှ

ထို့ကြောင့် ယခု ဧပြီလ ၁၉ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများကို မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၆ အရနှင့် မတရားအသင်းများ အက်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂)ပါ အဓိပ္ပာယ်ဖော်ပြချက်များနှင့်အညီ မတရားအသင်းဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ကြောင်း။

သွေးရိုးသားရိုးမဟုတ်

ဤကိစ္စနှင့်ပတ်သက်ပြီး ဆက်စပ်ရှင်းလင်းရလျှင် သမိုင်းမတင်မီခေတ် ကတည်းက တစုတစည်း တပေါင်းတည်း တည်ရှိခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ဖရိုဖရဲပြိုကွဲစေလိုသည့် နယ်ချဲ့နှင့် နယ်ချဲ့၏လက်ပါး စေတို့က ရည်ရွယ်ထားသည့်အတိုင်း အချို့သော ရှမ်းစော်ဘွားအနွယ်များက ရှမ်းပြည်နယ်ကို ခွဲထွက်ရန် ကြံစည်လုပ်ဆောင်ခြင်းသာ ဖြစ်ပါကြောင်း၊ ဤဖြစ်စဉ်သည် အခုမှချက်ချင်း ပေါ်ပေါက်လာသည့် သွေးရိုးသားရိုးလုပ်ရပ် မဟုတ်ဘဲ ပြည်ပကိုအားကိုးပြီး ပြည်ပ၏ ညွှန်ကြားသည့်အတိုင်း အစဉ်တစိုက် လုပ်လာခဲ့သည့် လုပ်ရပ်များ၏အဆက်ဖြစ်သည်ကို သုံးသပ်တွေ့ရှိနိုင်ပါ ကြောင်း။

ဤပြည်ပြေး စဝ်ခမ်ဖနှင့်အဖွဲ့က ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း၊ ရှမ်းပြည်နယ် ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းကြောင်း ကြေညာဆောင်ရွက်ချက်သည် ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲ(၂/၂၀၀၅)တွင် ရှင်းလင်းပြောကြားခဲ့သည့် SURA ၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့က မည်ကာမတ္တ ပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်၌ ခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန် ရည်ရွယ်စီမံဆောင်ရွက်ချက်များနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ယင်းစီမံချက်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ကို လေ့လာတွေ့ရှိရမှာ ဖြစ်ကြောင်း။

ကြိုတင်ကာကွယ်နိုင်

တစ်နည်းဆိုရလျှင် SURA ၊ SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ ပူးပေါင်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင်၊ ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေသည်ကို နိုင်ငံတော်အစိုးရက ပြည်တွင်း၌ အချိန်မီဖော်ထုတ်တားဆီးပြီး ကြိုတင်ကာကွယ်လိုက်နိုင်သဖြင့် ပြည်ပဆရာကြီးများက မူလက ဆက်စပ်စီမံထားသည့်အတိုင်း အချိန်ကျပြီဟု ညွှန်ကြားသည့် ညွှန်ကြားချက်နှင့်အညီ ပြည်ပြေးစဝ်ခမ်ဖတို့အဖွဲ့က ပြည်ပကနေပြီး ယခုကဲ့သို့ အတိအလင်း ကြေညာလုပ်ဆောင်လိုက်ခြင်းပင် ဖြစ်ပါကြောင်း။

SURA, SNLD နှင့် ရှမ်းပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီဆိုသည့်အဖွဲ့များ၏ ပေါင်းစပ်ဖွဲ့စည်းမှု၊ ရည်ရွယ်ချက်၊ သဘောထားထုတ်ပြန်လုပ်ဆောင်မှုနှင့် ယခုပြည်ပြေးစဝ်ခမ်ဖနှင့် အဖွဲ့၏ကြေညာ၊ လုပ်ဆောင်ချက်များသည်-

ပြည်ထောင်စုကို ပြည်ထောင်စုစစ်စစ်မူဖြင့် ထူထောင်ရန်ဆိုသည့် အချက်ကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရကြောင်း၊ ပြည်ထောင်စုစစ်စစ်မူဆိုသည်မှာလည်း ပြည်နယ် ရှစ်ပြည်နယ်ကို အခြေခံဖွဲ့စည်းမည့် ပြည်ထောင်စုကို ရည်ညွှန်းခြင်းဖြစ်ပါကြောင်း၊ ရှစ်ပြည်နယ်ဆိုရာတွင်လည်း လက်ရှိတည်ရှိနေသော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့က ပြည်နယ် ခုနစ်ပြည်နယ်အဖြစ် လည်းကောင်း၊ ပြည်မမှာတည်ရှိနေသော တိုင်းခုနစ်တိုင်းကို ပူးပေါင်းပြီး ဗမာပြည်နယ် တစ်ပြည်နယ်အဖြစ်လည်းကောင်း စုစုပေါင်း ရှစ်ပြည်နယ်ဖြင့် ဖွဲ့ရန်ဆိုလိုခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြည်ထောင်စုစစ်စစ်ဟု ပြောဆိုဆောင်ရွက်မှုများသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ထင်ယောင်ထင်မှားဖြစ်အောင်၊ အမှတ်တမဲ့နားထောင်ပါက ဟုတ်နိုးနိုး ထင်ရအောင် စကားလုံးလှလှဖြင့် တန်ဆာဆင်ပြောဆိုခြင်းသာဖြစ်ပြီး တကယ့်နောက်ကွယ်မှ ရည်မှန်းချက်ကတော့ "ပြည်ထောင်စုစစ်စစ်" ဆိုသည့်စကားကို အရေခြုံဗန်းပြပြီး မည်ကာမတ္တ ပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်တွင် ပြည်ထောင်စုမှခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်သည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

ဤဆောင်ရွက်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အလွန်အန္တရာယ်ကြီးမားသည့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု ပျက်ပြားရေး၊ ပြည်ထောင်စုပြိုကွဲရေးတို့ကို ဦးတည်သောလုပ်ရပ်များ ဖြစ်ကြောင်း၊ ထို့ကြောင့် ဤလုပ်ရပ်များကို လက်ခံမှာမဟုတ်ကြောင်း ရှင်းလင်းပြောကြားလိုပါကြောင်း။

ရောင်စုံသောင်းကျန်းသူ

ယခုပြည်ပြေး စဝ်ခမ်ဖနှင့်အဖွဲ့၏ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် ထူထောင်ကြောင်း ကြေညာခြင်းနှင့် ဆက်စပ်ပြီး ရှမ်းပြည်နယ်မှ သောင်းကျန်းမှု သမိုင်းအကျဉ်းကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက် ရောင်စုံသောင်းကျန်းသူများ မြန်မာနိုင်ငံ အနှံ့အပြားတွင် ပေါ်ပေါက်ခဲ့ကြောင်း၊ ၁၉၄၉ ခုနှစ်တွင် ကေအင်ဒီအိုတို့က ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေအချို့ကို သိမ်းပိုက်ပြီး သီးခြားကရင်ပြည်နယ်တည်ထောင်မည်ဟု ကြွေးကြော်ခဲ့ချိန်တွင် ရှမ်းပဒေသရာဇ်စော်ဘွားများနှင့် ယင်းတို့၏ အဆက်အနွယ်များကလည်း ပြည်ထောင်စုကခွဲထွက်ပြီး သီးခြားရှမ်းပြည်နယ်ထူထောင်ရေး မျှော်မှန်းလှုပ်ရှားခဲ့ကြကြောင်း။

၁၉၄၉ ခုနှစ်အတွင်း တရုတ်ပြည်တွင် ချန်ကေရှိတ်အစိုးရ အရေးနိမ့်ပြီး ယူနန်ပြည်နယ်၌ အခြေပြုနေသည့် တရုတ်ဖြူ ဂျင်နရယ်လီမီ၏ တရုတ်ဖြူ တပ်မကြီး(၉၃)သည် မြန်မာနိုင်ငံ ရှမ်းပြည်နယ်ထဲကို ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း၊ တရုတ်ဖြူများသည် နီးစပ်ရာ နယ်ရှင်ရှမ်းစော်ဘွားများကို စီးပွားရေးအရ လည်းကောင်း၊ လက်ဆောင်ပဏ္ဏာအရလည်းကောင်း စည်းရုံးပေးကမ်းခဲ့ကြကြောင်း၊ ယင်းအခြေအနေများကြောင့် တရုတ်ဖြူ ကျူးကျော်ဝင်ရောက်မှုကို စော်ဘွားများက လျစ်လျူရှုပြီး လက်ခံထားခဲ့ကြကြောင်း၊ ရှမ်းစော်ဘွားများ၏ အားနည်းချက်ကို တရုတ်ဖြူများက အခွင့်ကောင်းယူပြီး နယ်မြေတိုးချဲ့လာခဲ့သဖြင့် မိုင်းမော၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းပန်၊ မိုင်းရှူး၊ မိုင်ပုအွန်၊ တာချီလိတ် စသည့် နယ်မြေများသည် တရုတ်ဖြူသြဇာလွှမ်းမိုးမှုအောက်ကို ကျရောက်ခဲ့ရခြင်းဖြစ်ကြောင်း။

စည်းရုံးလှုံ့ဆော်

ထိုစဉ်က အစိုးရအနေဖြင့် တရုတ်ဖြူကျူးကျော်ဝင်ရောက်မှုကို ကုလသမဂ္ဂသို့ ကန့်ကွက်တိုင်ကြားခဲ့သော်လည်း အနောက်၏အကူအညီကို တိုက်ရိုက်ရနေခဲ့သည့် တရုတ်ဖြူများသည် ဆုတ်ခွာခြင်း လုံးဝမပြုဘဲနေခြင်းကြောင့် တပ်မတော်က နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် ၁၉၅၂ ခုနှစ်မှစပြီး စစ်ဆင်ရေးကြီးများဆင်နွှဲပြီး တရုတ်ဖြူများကို တွန်းလှန်တိုက်ခိုက် မောင်းထုတ်ခဲ့ရကြောင်း၊ တရုတ်ဖြူကို တိုက်ထုတ်ရသည့် စစ်ဆင်ရေးကာလအတွင်း ရှမ်းပြည်နယ် ဒေသအချို့ကို တပ်မတော်က စစ်သဘောအရ နယ်မြေစိုးမိုးထိန်းချုပ်ခဲ့ရမှုကို ရှမ်းစော်ဘွားများက နှစ်မြို့ခြင်း မရှိခဲ့ဘဲ သူတို့အာဏာတည်မြဲရေးအတွက် ဗမာမုန်းတီးရေးနှင့် လူမျိုးရေးသွေးခွဲမှုကို ရှေ့တန်းတင်ပြီး ရိုးသားသည့် ရှမ်းပြည်နယ်မှလူထုကို လမ်းမှားရောက်အောင် စည်းရုံးလှုံ့ဆော်ခဲ့ကြခြင်းပင်ဖြစ်ကြောင်း။

လမ်းကြောင်းပြောင်း

၁၉၅၂ ခုနှစ်တွင် ပဒေသရာဇ်စနစ်ကို မလိုလားသော တိုးတက်သည့် ပြည်သူ့အင်အားစုများက ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ရေးအတွက် လှုံ့ဆော်ဆောင်ရွက်လာခဲ့ကြကြောင်း၊ ၁၉၅၇ ခုနှစ် ဖဆပလ မကွဲမီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပါလီမန်အမတ် နမ့်ခမ်း ဦးထွန်းအေးက စော်ဘွားများ အာဏာစွန့်လွှတ်ရန်နှင့် ပြည်မမှ ခွဲမထွက်ရန် လွှတ်တော်အစည်းအဝေးတွင် အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း စဝ်ခွန်ချို ခေါင်းဆောင်သည့် ရှမ်းပြည်တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (ရတစညဖ)ကတော့ ပြည်မမှ ခွဲထွက်ရေးကို တောင်းဆိုခဲ့ကြကြောင်း၊ ဤအချိန်တွင် သီပေါစော်ဘွားနှင့် မိုင်းရယ်စော်ဘွားတို့ကပါ ခွဲထွက်ရေးကိုထောက်ခံကာ ရှမ်းပြည်ပြည်သူ့ညီညွတ်ရေးအဖွဲ့(ရပညဖ)ကို ထူထောင်ပြီး ၁၉၅၇ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်(မြောက်ပိုင်း)ရှိ စော်ဘွားများ၊ ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်များနှင့် (ရပညဖ)ညီလာခံကို ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံက စော်ဘွားများအာဏာစွန့်ရန် အချိန်မကျသေး၊ ပင်လုံစာချုပ်အရ (၁၀)နှစ်ပြည့်သည်နှင့် ပြည်ထောင်စုမှ ခွဲထွက်ရေးစသည့် ဆုံးဖြတ်ချက်များချပြီး လူမျိုးရေးသွေးခွဲမှုကို ဆောင်ရွက်ခဲ့ကြောင်း၊ အရိုးခံ ရှမ်းတိုင်းရင်းသားများကို ပဒေသရာဇ်ဆန့်ကျင်ရေး စိတ်ဓာတ်ပပျောက်အောင် လှည့်စားပြီး လမ်းကြောင်းပြောင်းပေးလိုက်ခြင်းပင်ဖြစ်ကြောင်း။

ယင်းအချိန်ကာလများတွင် ညောင်ရွှေစော်ဘွား၏ စတုတ္ထမြောက် ဇနီး နန်းဟိန်းခမ်း(မဟာဒေဝီ)သည် စော်ဘွားများ၏ ထောက်ပံ့ကြေးဖြင့် တက္ကသိုလ်ရောက်နေသည့် ရှမ်းတိုင်းရင်းသား လူငယ်လူရွယ်များကို မြှောက်ပင့်စည်းရုံးခြင်း၊ နယ်ဘက် ရဲဘက်ဆိုင်ရာ ဝန်ထမ်းများ၊ ရွာသူကြီး၊ ရွာအုပ်များကို လက်သိပ်ထိုး စည်းရုံးခြင်း၊လက်နက်စုဆောင်းခြင်း၊ သင်တန်းပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ရှမ်းသောင်းကျန်းမှု ဖြစ်ပေါ်လာအောင် အဓိကဦးဆောင်လုပ်ခဲ့ သူများကတော့ သီပေါစော်ဘွား၊ မိုင်းရယ်စော်ဘွား၊ မိုင်းရှူးစော်ဘွား၊ တောင်ပိုင်းစော်ဘွား၊ ကျေးသီးစော်ဘွား၊ မိုင်းလင်းစော်ဘွား၊ ညောင်ရွှေစော်ဘွားကတော် နန်းဟိန်းခမ်း(မဟာဒေဝီ)၊ သိန္နီစော်ဘွားကိုယ်စားလှယ် မဟာဝမ်နှင့် ရပညဖအမှုဆောင် (၁၅)ဦးတို့ပင် ဖြစ်ကြကြောင်း။

အားပေးကူညီခဲ့

ယင်းနောက်တွင် ကျိုင်းတုံစော်ဘွား၏ဦးလေး စဝ်ခွန်ဆိတ်နှင့်စိုင်းနွံ့တို့ ဦးစီးပြီး Youth of Keng Tung State ခေါ် လူငယ်တပ်ဦးကို ကျေးရွာကာကွယ်ရေးအသွင်ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ စဝ်ခွန်ဆိတ်၏ လှုပ်ရှားမှုများကို မသင်္ကာ၍ ပုဒ်မ(၅)ဖြင့် ဖမ်းဆီးသည့်အခါ စိုင်းနွံ့သည် မိုင်းကျွတ်သို့ ရှောင်တိမ်းပြီး လက်နက်စုဆောင်းကာ စစ်ရေးလှုပ်ရှားမှု စတင်ခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်တွင် စဝ်ခွန်ဆိတ်ကို အစိုးရကပြန်လွှတ်ပေးလိုက်ရာ စဝ်ခွန်ဆိတ်သည် ထိုင်းနိုင်ငံသို့ ထွက်ပြေးသွားခဲ့ပြီး ရှမ်းသောင်းကျန်းမှုကို အတိအလင်း ပါဝင်ကူညီခဲ့ကြောင်း၊ စိုင်းနွံ့သည် နွံ့စစ်ဟန်(ခေါ်) ရဲရင့်သော ရှမ်းလူငယ်များအဖွဲ့ကို ၁၉၅၈ ခုနှစ် မေလ ၂၁ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ် ဟွေပုဟော ၌ စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းအဖွဲ့ကို သိန္နီစော်ဘွား၊ သီပေါစော်ဘွား၊ မိုင်းရှူးစော်ဘွား၊ လဲချားစော်ဘွား၊ ကျေးသီးစော်ဘွား၊ မိုင်းရယ်စော်ဘွား၊ မိုင်းလင်းစော်ဘွား၊ ညောင်ရွှေစော်ဘွားနှင့် သူ့ဇနီး နန်းဟိန်းခမ်း(မဟာဒေဝီ) တို့က မြေပေါ်ကနေ အားပေးကူညီခဲ့ကြကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၏မိသားစုအခြေပြဇယား

စဝ်ရွှေသိုက်
၂၂-၁၁-၁၉၆၂နေ့ကွယ်လွန်

- ဒေါ်နန်းရီ(ပထမဇနီး)
  - (၁) စဝ်ဆိုင်ဖ(သား) (၁၀-၄-၉၈နေ့ကွယ်လွန်)
  - (၂) စဝ်ဆိုင်အုံ(သား) (အမေရိကန်၌နေထိုင်)
- ဒေါ်နန်းစန္ဒာ(ဒုတိယဇနီး)
  - (၁) စဝ်စန္ဒာ(သမီး) (ပြင်သစ်၌နေထိုင်)
- ဒေါ်ညွန့်မေ(တတိယဇနီး)
  - (သားသမီးမထွန်းကား)
- နန်းဟိန်းခမ်း(ခ)မဟာဒေဝီ(စတုတ္ထဇနီး)
  - (၁) စဝ်ဆေ(ခ)Winstone Thaike
    - (ခ) စဝ်ခမ်ဖ(ခ)ဆေခမ်ဖ(သား) (ကနေဒါနိုင်ငံ၌နေထိုင်)
  - (၂) စဝ်ကျန်(ခ)Eugene Thaike
    - (ခ) စဝ်ဆေးဝိုင်(သား) (ကနေဒါနိုင်ငံ၌ကွယ်လွန်)
  - (၃) ယိင်းဆီတာ(သမီး)
  - (၄) စဝ်မီး(ခ)စောက်မီး(သား) (ကွယ်လွန်)
  - (၅) စဝ်ပီး(ခ)စောက်ဟန့်(ခ) ဟန်ယောင်ဝေ(သား)
  - (၆) စဝ်လင်း(သမီး)
- ဒေါ်မြဝင်း(ပဥ္စမဇနီး)
  - (၁) ဒေါ်ဟေမာသိုက် (တောင်ကြီး၌ နေထိုင်)
  - (၂) စဝ်ဆိုင်ဝမ်(သား)

ပြည်နယ်/တိုင်း တစ်ခုချင်းသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်ထောင်စုသဘော သက်ရောက်သည့်ဒေသဖြစ် တိုင်းရင်းသားတစ်မျိုးတည်း နေထိုင်ခြင်းမျိုးမရှိဘဲ တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်လျက်ရှိ ရှေးပဝေသဏီကတည်းက တိုင်းရင်းသားလူမျိုးတစ်ရာကျော် စုပေါင်းနေထိုင်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖြစ်

စာမျက်နှာ ၇ မှ

၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် စိုင်းနွံ့အဖွဲ့သည် တပ်မတော်၏ ပုံပါကျင်စခန်းကို "ရှမ်းတော်လှန်ရေးစပြီ" ဆိုသည့် ကြွေးကြော်သံဖြင့် ဝင်တိုက်ခဲ့ရာ စိုင်းနွံ့ပါ ဒဏ်ရာရပြီး အကျအဆုံး ဒဏ်ရာရအများအပြားဖြင့် တစ်ဖက်နိုင်ငံဘက်ကို ပြန်ပြေးခဲ့ရကြောင်း၊ ထိုအချိန်ကစပြီး ရှမ်းသောင်းကျန်းမှု ထင်ထင်ပေါ်ပေါ် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ သောင်းကျန်းမှု စတင်ချိန်တွင် နွံ့စစ်ဟန် အဖွဲ့အမည်ဖြင့် စတင်ခဲ့သော်လည်း တစ်နှစ်ကြာသည့်အခါ သုံးဖွဲ့ကွဲခဲ့ကြောင်း။ ၁၉၆၄ ခုနှစ်တွင် ကွမ်းစိမ်း(ခ) မိုးဟိန်းသည် ရှမ်းပြည်တော်လှန်ရေး တပ်ပေါင်းစု(Shan National United Front)အဖွဲ့ကို ထပ်ဖွဲ့ခဲ့ကြောင်း။ ၁၉၆၅ ခုနှစ်တွင် နွံ့စစ်ဟန်နှင့် SNUF ပေါင်းပြီး နန်းဟိန်းခမ်း (မဟာဒေဝီ)ကို နာယကတင်ကာ SSA (Shan State Army) ရှမ်းပြည်နယ် တပ်မတော်ကို ဖွဲ့စည်းခဲ့ကြောင်း၊ SSA အနေဖြင့် မြောက်ပိုင်းနှင့်တောင်ပိုင်း နှစ်ပိုင်းခွဲဖွဲ့စည်းပြီး မြောက်ပိုင်းတိုင်း(၁)ကို စဝ်ဆေးဝိုင်(မဟာဒေဝီ၏ သား)က ခေါင်းဆောင်ပြီး တောင်ပိုင်းတိုင်း (၂)ကို မိုးဟိန်းက ခေါင်းဆောင်ခဲ့ကြောင်း။

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖဦးစီးသောအဖွဲ့မှ စဝ်ခမ်ဖအား တွေ့ရစဉ်။ (သတင်းစဉ်)

၁၉၆၇ ခုနှစ် ဇူလိုင်လအတွင်း၌ မိုးဟိန်းသည် SSA အဖွဲ့မှလည်းကောင်း၊ ရှမ်းပြည်နယ် သောင်းကျန်းသူများ စည်းရုံးညီညွတ်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌအဖြစ်မှ လည်းကောင်း နုတ်ထွက်ပြီး "နွံ့စစ်ဟန်"အဖွဲ့ခေါင်းဆောင် စိုင်းနွံ့နှင့်အတူ တရုတ်ဖြူ တပ်မ(၃) အဖွဲ့ဝင်အချို့နှင့်ပါ ပူးပေါင်းပြီး ရှမ်းပြည်တော်လှန်ရေး တပ်ပေါင်းစု (Shan United Revolutionary Army) SURA ကို တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း။

ကိုယ်ကျိုးရှေးရှု

ဤသမိုင်းဖြစ်စဉ်ကို ကြည့်ခြင်းအားဖြင့် တိုင်းပြည်နှင့်လူမျိုးအကျိုးထက် ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ရှမ်းစော်ဘွားအနွယ်များက ရှမ်းသောင်းကျန်းမှုကို ဖန်တီးဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ ယခုလည်း လက်ကျန်ရှမ်းစော်ဘွားအနွယ် စဝ်ခမ်ဖတို့က ၎င်းတို့အကျိုးအတွက် ရှမ်းပြည်နယ်ယာယီအစိုးရဆိုသည်ကို ဖွဲ့စည်းပြီး ဆောင်ရွက်လာကြခြင်း ဖြစ်ကြောင်း၊ သို့သော်လည်း ထိုအဖွဲ့သည် မည်ကာမတ္တ အစိုးရအဖွဲ့သာ ဖြစ်ကြောင်း၊ နိုင်ငံရေးအစဉ်အလာမရှိ၊ အုပ်ချုပ်ရေးအတွေ့အကြုံမရှိဘဲ သောင်းကျန်းမှုဗီဇနှင့် ကိုလိုနီနယ်ချဲ့၏ ပယောဂပူးဝင်နေသည့် ပြည်ပြေးများ၏ လုပ်ရပ်၊ ၎င်းတို့ကိုယ်ကျိုးကို ရှေးရှုသည့်လုပ်ရပ်သာ ဖြစ်ကြောင်း။

ရှမ်းစော်ဘွားများသည် အထက်က ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း မြေအောက်လှုပ်ရှားမှုဖြစ်သည့် ရှမ်းသောင်းကျန်းမှု ပေါ်ပေါက်လာအောင် ဆောင်ရွက်ခဲ့ကြသကဲ့သို့ မြေပေါ်လှုပ်ရှားမှုအနေဖြင့်လည်း ပြည်ထောင်စုမှ ရှမ်းပြည်နယ်ခွဲထွက်နိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းသည် ၎င်းတို့ စော်ဘွားအနွယ်များက ရှမ်းလူထုကို ဆက်လက်အုပ်စိုးပြီး ၎င်းတို့အကျိုးရရှိနိုင်ရေးအတွက် ထိုစဉ်က အစိုးရကို မြေပေါ်မြေအောက် နှစ်ဖက်ညှပ်တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်မှန်ပင် ဖြစ်ကြောင်း။

ရှမ်းစော်ဘွားများသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း(၁၀)ပါ ခွဲထွက်ခွင့်ကို အခြေခံပြီး ၁၉၅၈ ခုနှစ်တွင် ဖက်ဒရယ်မူကို ရှေ့တန်းတင်လာခဲ့ကြကြောင်း၊ ခွဲထွက်ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်ကာ သီးခြားနိုင်ငံထူထောင်ပြီး အခြားသော အင်အားကြီးအဖွဲ့တစ်ခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်အောင် စီစဉ်ဆောင်ရွက်လာခဲ့ကြောင်း။

ကာကွယ်စောင့်ရှောက်ခဲ့

ထိုအချိန်က ပတ်ဝန်းကျင်အခြေအနေကို ကြည့်မည်ဆိုလျှင် အရှေ့တောင်အာရှဒေသတွင် စစ်မီးစတင်လောင်မြိုက်လာချိန်နှင့် တိုက်ဆိုင်နေကြောင်း၊ ထို့ကြောင့် ရှမ်းစော်ဘွားများ၏ ရှမ်းပြည်နယ် ခွဲထွက်ခွင့်ပြုရေး ဖက်ဒရယ်မူလှုပ်ရှားမှုသည် မြန်မာနိုင်ငံအပေါ် ပြည်ပစွက်ဖက်မှုများ ဝင်ရောက်စေရန် ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေကြောင်း၊ တစ်ဖက်၌ နယ်ချဲ့လက်သစ်များ၏ သွေးဆောင်ဖြားယောင်းမှုများကလည်း သိသိသာသာ တိုးပွားများပြားလာ သည့်အတွက် မြန်မာနိုင်ငံသည် နယ်ချဲ့တို့ဆင်ထားသည့် ထောင်ချောက်အတွင်း ကျရောက်ပြီး တစ်နိုင်ငံလုံး ပြိုကွဲရတော့မည့်အခြေအနေကို ဆိုက်ရောက်လာခဲ့ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် တပ်မတော်က ၁၉၆၂ ခုနှစ် မတ်လတွင် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရကြောင်း။

ယခုအခါ၌လည်း ပြည်ပြေးရှမ်းစော်ဘွားအနွယ်အချို့သည် ပြည်ပအားကိုးပြီး ပြည်ပ၏အချိန်ကိုက်ပြီဟု ယူဆည္ကန်ကြားချက်နှင့်အညီ ပြည်ထောင်စုပြိုကွဲအောင်၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အများပြည်သူများ၏ အေးချမ်းသာယာမှုကို ထိပါးအောင် ဆောင်ရွက်လာပြန်ခြင်းပင်ဖြစ်ကြောင်း။

ထိုစဉ်က ပြည်ထောင်စု၏အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ဖြစ်စေခဲ့သည့် ရှမ်းပြည်နယ်မှ တင်သွင်းသော ဖက်ဒရယ်မူနှင့်စပ်လျဉ်းပြီး ဝါရင့်ဥပဒေပညာရှင်များ ပါဝင်သည့် အစိုးရအကြံပေးအဖွဲ့က ၁၉၆၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် အစီရင်ခံစာတင်ခဲ့ကြောင်း၊ အကြံပေးအဖွဲ့၏ အစီရင်ခံစာ၌ "ရှမ်းပြည်နယ်မှ တင်သွင်းသော ပြည်ထောင်စုပုံစံမျိုးကို လက်ခံရန် ကျွန်ုပ်တို့မထောက်ခံနိုင်ပေ၊ အကြောင်းမှာ အဆိုပါ ပြည်ထောင်စုပုံစံမှာ လက်တွေ့အားဖြင့်လုပ်ဆောင်ရန် ဖြစ်နိုင်ဖွယ်ရာမရှိသည့်အပြင် ထိုပုံစံတွင် မကြာမီအတွင်း ပြည်ထောင်စုကြီးပြိုကွဲပျက်စီးစေမည့် အင်္ဂါလက္ခဏာရပ်များ ပါရှိနေခြင်းကြောင့် ဖြစ်တယ်" ဟူ၍ ဖော်ပြထားကြောင်း။

အန္တရာယ်ကြီးစွာ ဖြစ်ပေါ်နိုင်

ထို့အပြင် ထိုစဉ်က ပါတီတစ်ခုဖြစ်သည့် ပမညတကလည်း "ဖက်ဒရယ်မူကို လေ့လာကြည့်သောအခါ အမှန်မှာ ဖက်ဒရေးရှင်းမူမဟုတ်၊ ကွန်ဖက်ဒရေးရှင်းမူ ဖြစ်နေသည်ကို တွေ့ရကြောင်း၊ အဓိပ္ပာယ်မှာ ဗမာပြည်နယ်အပါအဝင် ပြည်နယ်ပေါင်းချုပ်ဖွဲ့ရန် ဖြစ်နေကြောင်း၊ ဤသို့မျှမရလျှင် ခွဲထွက်မည် စသော ခြိမ်းခြောက်မှုများ လုပ်လာကြကြောင်း၊ ဤဖက်ဒရယ်မူကို ပုံစံကျကျ၊ ဒီမိုကရေစီကျကျ မကိုင်တွယ်နိုင်ပါက နယ်ချဲ့၏ရှေ့မှောက်၌ ဒူးထောက်ရသော ယုန်သူငယ်ကဲ့သို့ ပြည်ထောင်စုတွင် အန္တရာယ်ကြီးစွာ ဖြစ်ပေါ်နိုင်ကြောင်း" သုံးသပ် ဝေဖန်ခဲ့ကြောင်း၊ တည်မြဲဖဆပလကလည်း "ဖက်ဒရယ် အရေးကို ထိန်းနိုင်လျှင် ထိန်းနိုင်၊ မထိန်းနိုင်လျှင် တိုင်းပြည် ပြိုကွဲရန်သာရှိတော့ကြောင်း" သုံးသပ်ပြောဆိုခဲ့ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၅)တွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများ၊ ကိုယ်ရေးရာဇဝင်များနှင့် ဇယားများကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

ထို့အပြင် ထိုစဉ်ကရှိခဲ့သော ရှမ်းပြည်လုံးဆိုင်ရာအဖွဲ့ချုပ်(ရပလဖ) ကလည်း ၁၉၆၁ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့တွင်

- ယနေ့ ရှမ်းပြည်နယ်အတွင်း အာဏာစွန့်စော်ဘွားများ၏ ဆွေတော်မျိုးတော်များ၊ ကျွန်ယုံနှင့် အမှုထမ်းဟောင်းများက လက်နက်စွဲကိုင်၍ ပြည်ထောင်စုကြီးမှခွဲထွက်ကာ သီးခြားပဒေသရာဇ်နိုင်ငံ တည်ထောင်ရန် လုပ်ကြံနေချိန်
- သောင်းကျန်းသူအမည်ခံ၊ လက်နက်ကိုင်အမည်ခံများသည် တရုတ်ဖြူတို့အား ဆရာအဖြစ် ကိုးကွယ်ဆည်းကပ်ကာ ပြည်နယ်တစ်လွှားတွင် ထင်သလို ရမ်းကားနေချိန်
- ဖက်ဒရယ်(ဝါ) ပြည်ထောင်စုစစ်စစ်မှုဟု မျက်နှာဖုံးစွပ်ထားသော "စော်ဘွားမှု"ကို ရပလဖက ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်သည်

ဟူ၍ သဘောထား ထုတ်ပြန်ကြေညာခဲ့ကြောင်း။

ယခုရှင်းပြချက်များသည် ၁၉၆၀ ပြည့်နှစ် ကာလတစ်ဝိုက်က ရှမ်းစော်ဘွားများ၏ ရှမ်းပြည်ခွဲထွက်ရေး ဖက်ဒရယ်မူတောင်းခံမှုနှင့် ၎င်းတောင်းခံမှုကို ထိုစဉ်ရှိခဲ့ကြသည့် ပြည်သူလူထုနှင့် ပါတီ၊ အဖွဲ့အစည်းများက ထောက်ခံမှုမရှိ၊ ကန့်ကွက်ဆန့်ကျင်ခဲ့ကြသည့် အခြေအနေများပင်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းကို ပြန်ကြည့်လျှင် ဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ်စလုံးတွင် မြန်မာတိုင်းရင်းသား မျိုးချစ်များသည် သူ့ကျွန်မခံစိတ်ဖြင့် ခုခံတွန်းလှန်ခဲ့ကြကြောင်း၊ သို့သော်လည်း ဗြိတိသျှနယ်ချဲ့သမားများအား ရှမ်းပြည်နယ်သို့ လမ်းပြဖိတ်ခေါ်ခဲ့သူများမှာ ယင်းအချိန်က ညောင်ရွှေစော်ဘွားနှင့် သီပေါစော်ဘွားဖြစ်ကြသည့် စောမောင်နှင့် စောခွန်တို့ဖြစ်သည်ဟူ၍ ၁၉၄၀ပြည့်နှစ်တွင် သထုံနယ်စားကြီး စဝ်ခွန်ကြည်ရေးသည့် ရှမ်းပြည်နယ်အမှားတော်ပုံစာအုပ်၌ ဖော်ပြထားကြောင်း။

အဓိကပါဝင်ဆောင်ရွက်

ညောင်ရွှေစော်ဘွား အဆက်ဆက်သည် ဗြိတိသျှနယ်ချဲ့အား ကြိုဆိုခဲ့ကြပြီး နယ်ချဲ့နှင့်ပူးပေါင်းကာ ရှမ်းပြည်နယ်မှ ပြည်သူများအား ဖိနှိပ်ခဲ့သည်မှာ အထင်အရှားပင် ဖြစ်ကြောင်း၊ ပြည်သူများအား လောင်းကစားနှင့် မူးဆေးဖော်၊ ဖိနှိပ်ညှဉ်းပန်းခဲ့ပြီး ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်စေမည့် မည်သည့်စီမံကိန်းတစ်ခုမျှ လုပ်မပေးခဲ့ကြကြောင်း။

ယခု မတရားအသင်း ကြေညာခံထားရသည့် ရှမ်းပြည်ပြေးအစိုးရအဖွဲ့၏ သမ္မတဆိုသူ စဝ်ခမ်ဖ၏ ဖခင်ဖြစ်သူ နောက်ဆုံး ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်သည် ပထမကမ္ဘာစစ်အတွင်း ၁၉၁၇ခုနှစ်တွင် ဗြိတိသျှစစ်တပ်၌ တပ်သားအဆင့်ဖြင့် စစ်မှုထမ်းခဲ့သူ ဖြစ်ကြောင်း၊ ၁၉၂၃ခုနှစ်အထိ ဗြိတိသျှစစ်တပ်၏ အမှုတော်ထမ်းခဲ့သူဖြစ်သဖြင့် စဝ်ရွှေသိုက်အား စော်ဘွားရာထူးမရထိုက်ဘဲရအောင် ဗြိတိသျှအစိုးရက လုပ်ပေးခဲ့ကြောင်း၊ အဆိုပါ လုပ်ရပ်ကြောင့် စော်ဘွားနေရာ ရသင့်ရထိုက်သူများအနေဖြင့် မကျေမနပ်ဖြစ်ခဲ့ကြကြောင်း၊ ဒုတိယကမ္ဘာစစ်ဖြစ်ချိန်တွင် ရှမ်းတယ်ရီတိုရီးယယ်လ် အပျော်တမ်းတပ်တွင် တပ်မှူး မေဂျာစဝ်ရွှေသိုက်အဖြစ် အမှုထမ်းခဲ့သည့် ဗြိတိသျှသစ္စာခံတစ်ယောက်ဖြစ်ကြောင်း၊ ထို့ကြောင့် စဝ်ရွှေသိုက်သည် ဖက်ဒရယ်မူလှုပ်ရှားမှု၌ ဦးဆောင်ပါဝင်ခဲ့သကဲ့သို့ သူ၏ စတုတ္ထဇနီး နန်းဟိန်းခမ်း(မဟာဒေဝီ) ကလည်း ပြည်ပြေးလုပ်ပြီး နိုင်ငံတော်ကို ပုန်ကန်ခဲ့ခြင်းဖြစ်ကြောင်း၊နန်းဟိန်းခမ်း(မဟာဒေဝီ)သည် ပဒေသရာဇ်စော်ဘွားများ အာဏာတည်မြဲရေးအတွက် ရှမ်းသောင်းကျန်းမှု ဖြစ်ပေါ်လာအောင် အဓိကပါဝင် ဆောင်ရွက်ခဲ့သူပင်ဖြစ်ကြောင်း၊ သူတို့၏ သားသမီးများကလည်း ပြည်ပတွင် ပြည်ပြေးအဖြစ်သွားရောက်သစ္စာခံပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် သစ္စာဖောက်ခဲ့ကြကြောင်း၊ ညောင်ရွှေစော်ဘွားတို့အာဏာရှိစဉ်၊ အုပ်စိုးစဉ်က ဖဲဝိုင်း၊ ဂျင်ဝိုင်း၊ အန်စာဝိုင်းစသည့် လောင်းကစားဝိုင်းအမျိုးမျိုးပြုလုပ်ကာ အကောက်ကောက်ခဲ့ကြကြောင်း။ သဿမေဓ၊ လယ်ခွန်မြေခွန်၊ ဝါးခွန်၊ ငှက်ပျောခွန် စသည်ဖြင့် အခွန်အမျိုးမျိုးကောက်ယူခဲ့ကြောင်း၊ ဆင်ဝယ်ရန်၊ ဟော်ဆောက်ရန်၊ မန္တလေးသွားရန် စသည့်အကြောင်းအမျိုးမျိုးပြပြီး အခွန်အတုတ်များ ကောက်ခံခဲ့ကြောင်း၊ ထိုသို့ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများကို ကိုယ်ကျိုးအတွက်သာ သုံးစွဲခဲ့ကြကြောင်း၊ သားသမီးမွေးဖွားပြီးနောက် ရွှေလင်ပန်းနှင့် အချင်းဆေးသည်က အစ အထိန်းတော် အချော့တော်များ ပတ်လည်ဝိုင်းထားကာ ပုခက်တင်ပွဲတော်၊ ကင်ပွန်းတပ်ပွဲတော်၊ ရှင်ပြုနားသမင်္ဂလာပွဲတော် စသည်ဖြင့် တစ်ပွဲပြီးတစ်ပွဲ ရှမ်းလူထုထံ ငွေတောင်းခံပြီး လုပ်ခဲ့ကြကြောင်း၊ သို့သော်လည်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကောင်းကျိုး၊ ဒေသအကျိုးများအတွက် တစ်စုံတစ်ရာ ဆောင်ရွက်ပေးခြင်း အလျဉ်းမရှိခဲ့သည်ကို သမိုင်းအထောက်အထားများအရ အထင်အရှားတွေ့ရှိရမှာ ဖြစ်ကြောင်း။

လှည့်စားသည့်လုပ်ရပ်

အဆိုပါ စော်ဘွားအနွယ်များသည် ယခုတစ်ခါ ပြည်သူကို ချစ်သယောင်ပုံဆောင်ပြီး ရိုးသားသည့် တိုင်းရင်းသားများအား လှည့်စားသည့် လုပ်ရပ်များ လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ဤလုပ်ရပ်များကိုလည်း ပြည်ပအားကိုးပြီး ပြည်ပညွှန်ကြားချက်အတိုင်း လုပ်ဆောင်နေခြင်းဖြစ်သည်ကို သိရှိနိုင်ကြောင်း။

နောက်ဆုံး ညောင်ရွှေစော်ဘွားဖြစ်ခဲ့သည့် စဝ်ရွှေသိုက်တွင် ဇနီးငါးယောက်ရှိခဲ့ကြောင်း၊ ပထမဇနီး ဒေါ်နန်းရီနှင့် သားနှစ်ယောက်၊ ဒုတိယဇနီး ဒေါ်နန်းစန္ဒာနှင့် သမီးတစ်ယောက်ရရှိခဲ့ပြီး တတိယဇနီး ဒေါ်ညွန့်မေနှင့် သားသမီး မထွန်းကားကြောင်း၊ စတုတ္ထဇနီး နန်းဟိန်းခမ်း(မဟာဒေဝီ)နှင့် ၁၉၃၇ခုနှစ် ဇွန်လတွင် လက်ထပ်ခဲ့ပြီး သားလေးယောက်၊ သမီးနှစ်ယောက် မွေးဖွားခဲ့ကြောင်း၊ ယင်းသားသမီးခြောက်ယောက်အနက် စဝ်ခမ်ဖက အကြီးဆုံးဖြစ်ပြီး စဝ်ဆေ (ခ) Winstone Thaike (ခ) စဝ်ခမ်ဖ (ခ) ဆေခမ်ဖဟု အမည်တွင်ကြောင်း၊ ဒုတိယသား စဝ်ကျန်(ခ) Eugene Thaike (ခ) စဝ်ဆေးဝိုင်သည် ကနေဒါ၌ ကွယ်လွန်သွားကြောင်း၊ တတိယမှာ သမီးယိုင်းဆီတာဖြစ်ပြီး စတုတ္ထသား စဝ်မီးလည်း ကွယ်လွန်သွားကြောင်း၊ ပဉ္စမသား စဝ်ပီး(ခ)ဟန်ယောင်ဝေသည် ဘယ်လ်ဂျီယံနိုင်ငံ၌ ရောက်ရှိနေပြီး ယူရို-ဘားမားအဖွဲ့တွင် ဒါရိုက်တာလုပ်နေသူဖြစ်ကြောင်း၊ အငယ်ဆုံးနှင့် ဆဋ္ဌမမြောက်မှာ သမီးစဝ်လင်းဖြစ်ပြီး ကနေဒါ ရောက်နေကြောင်း၊ စဝ်ရွှေသိုက်၏ ပဉ္စမဇနီး ဒေါ်မြဝင်းမှာ သမီးတစ်ယောက်၊ သားတစ်ယောက် မွေးဖွားခဲ့ကြောင်း။

ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်နှင့် နန်းဟိန်းခမ်းတို့၏ ဒုတိယသား စဝ်ဆေးဝိုင် (ခ) ယူဂျင်းသိုက်သည် ၁၉၆၃ခုနှစ်တွင် ရှမ်းသောင်းကျန်းသူ (SSIA)အဖွဲ့သို့ တောခိုဝင်ရောက်ခဲ့ပြီး ၁၉၇၂ခုနှစ်အထိ သောင်းကျန်းသူအဖြစ် လှုပ်ရှားခဲ့ကြောင်း၊ ၁၉၇၂နောက်ပိုင်းတွင် ပြည်ပြေးအဖြစ် ထိုင်းနိုင်ငံ ဇင်းမယ်မြို့သို့ ထွက်ပြေးခိုလှုံခဲ့ကြောင်း၊ ထို့နောက် ပြည်ပြေးစိန်ဝင်းတို့၏ CRDB နှင့် NCGUB တို့၌ ပါဝင်ဆောင်ရွက်ခဲ့ပြီး ၂၄-၇-၂၀၀၄ ရက်နေ့တွင် ကနေဒါနိုင်ငံ၌ ကွယ်လွန်ခဲ့ကြောင်း။

ထပ်မံဆောင်ရွက်

ယခုသားကြီးဖြစ်သည့် စဝ်ခမ်ဖက ရှမ်းပြည်ယာယီအစိုးရအဖွဲ့ကိုဖွဲ့ပြီး သူ့ကိုယ်သူ သမ္မတခန့်ကာ ပြည်ထောင်စုပြိုကွဲအောင် ထပ်မံဆောင်ရွက်လာခြင်းပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်ကြည့်လျှင် လူမျိုးရေးစိတ်ဓာတ်ကို အခြေခံသောအမှားကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ပြည်သူများ အတိဒုက္ခရောက်ခဲ့ကြရပြီးဖြစ်သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ယခုလည်း ပြည်ပြေး ရှမ်းစော်ဘွားအနွယ်များသည် အဆိုပါအမှားမျိုးကို ဖက်တွယ်ပြီး တစ်ကျော့ပြန် ထပ်မံလုပ်လာခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့မှ စဝ်ခွန်ဟုန်(ခ)စိုင်းစိုးညွှန့်ကို တွေ့ရစဉ်။ (သတင်းစဉ်)

"ပြည်ထောင်စုစစ်စစ်" ဆိုသည့်စကားကို အရေခြုံဗန်းပြပြီး မည်ကာမတ္တပြည်ထောင်စုထူထောင် တစ်ချိန်ချိန်တွင် ပြည်ထောင်စုမှခွဲထွက်လျက် သီးခြားနိုင်ငံထူထောင်ရန်သာဖြစ်သည်ကိုတွေ့ရ

- ❑ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဖရိုဖရဲပြိုကွဲစေလိုသည့် နယ်ချဲ့နှင့် နယ်ချဲ့၏ လက်ပါးစေတို့က ရည်ရွယ်ထားသည့်အတိုင်း အချို့သော ရှမ်းစော်ဘွားအနွယ်များက ရှမ်းပြည်နယ်ကို ခွဲထွက်ရန် ကြံစည်လုပ်ဆောင်ခြင်းသာဖြစ်၊ ဤဖြစ်စဉ်သည် အခုမှ ချက်ချင်းပေါ်ပေါက်လာသည့် သွေးရိုးသားရိုး လုပ်ရပ်မဟုတ်ဘဲ ပြည်ပကိုအားကိုးပြီး ပြည်ပ၏ညွှန်ကြားသည့်အတိုင်း အစဉ်တစိုက်လုပ်လာခဲ့သည့် လုပ်ရပ်များ၏ အဆက်ဖြစ်သည်ကို သုံးသပ်တွေ့ရ၊
- ❑ ပြည်ထောင်စုစစ်စစ်ဟု ပြောဆိုဆောင်ရွက်မှုများသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ထင်ယောင်ထင်မှားဖြစ်အောင်၊ အမှတ်တမဲ့ နားထောင်ပါက ဟုတ်နိုးနိုးထင်ရအောင် စကားလုံးလှလှဖြင့် တန်ဆာဆင်ပြောဆိုခြင်းသာဖြစ်ပြီး တကယ့်နောက်ကွယ်မှ ရည်မှန်းချက်ကတော့ "ပြည်ထောင်စုစစ်စစ်" ဆိုသည့်စကားကို အရေခြုံဗန်းပြပြီး မည်ကာမတ္တ ပြည်ထောင်စုကို ထူထောင်ကာ တစ်ချိန်ချိန်တွင် ပြည်ထောင်စုမှခွဲထွက်လျက် သီးခြားနိုင်ငံ ထူထောင်ရန်သာဖြစ်သည်ကိုတွေ့ရ၊
- ❑ ဤဆောင်ရွက်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင်၊ ဆူဆူပူပူဖြစ်အောင် လှုံ့ဆော်ရာရောက်သည့်အပြင် အလွန်အန္တရာယ်ကြီးမားသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားရေး၊ ပြည်ထောင်စုပြိုကွဲရေးတို့ကို ဦးတည်သောလုပ်ရပ်များဖြစ်၊
- ❑ ပြည်ပြေးရှမ်းစော်ဘွားအနွယ်အချို့သည် ပြည်ပအားကိုးပြီး ပြည်ပ၏အချိန်ကိုက်ပြီဟု ယူဆညွှန်ကြားချက်နှင့်အညီ ပြည်ထောင်စုပြိုကွဲအောင်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ အများပြည်သူများ၏အေးချမ်းသာယာမှုကိုထိပါးအောင်ဆောင်ရွက်လာပြန်၊
- ❑ ၁၉၆၀ပြည့်နှစ်တစ်ဝိုက်က ရှမ်းစော်ဘွားများ၏ ရှမ်းပြည်နယ်ခွဲထွက်ရေး ဖက်ဒရယ်မူရရှိအောင် ကြိုးပမ်းမှုကို ထိုစဉ်ကရှိခဲ့သည့် ပါတီများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက လက်မခံဘဲ ဆန့်ကျင် ကန့်ကွက်ခဲ့ကြသကဲ့သို့ ယခုလှုပ်ရှားဖော်ဆောင်လာသည့် ပြည်ပြေးစော်ဘွားအနွယ် စဝ်ခမ်ဖ၏ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံအဖြစ် တည်ထောင်ကြောင်းကြေညာခြင်း၊ ရှမ်းပြည် ယာယီအစိုးရဖွဲ့စည်းခြင်းနှင့် ရှမ်းပြည်နယ်ကို စစ်မက်ဇုန်ပမာ ဖန်တီးနေခြင်းတို့ကိုလည်း ယနေ့ တိုင်းရင်းသား ပြည်သူများ၊ အစိုးရမဟုတ်သော (NGO) အဖွဲ့အစည်းများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများက တညီတညွတ်တည်း ဆန့်ကျင်ကန့်ကွက်ရှုတ်ချ၊
- ❑ ဤသည်မှာ ပြည်ထောင်စုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်များကသာ မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ကို ဖော်ပြ၊
- ❑ ဤကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အဖွဲ့အစည်းများက ပြည်ပြေး ရှမ်းစော်ဘွားအနွယ် စဝ်ခမ်ဖ၏လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချနေကြသော်လည်း BBC, VOA စသည့် အနောက်တိုင်းအသံလွှင့်ဌာနများက ပြည်ပြေးရှမ်းစော်ဘွားအနွယ် စဝ်ခမ်ဖ၏ လုပ်ရပ်ကို အားပေးအားမြှောက်ပြုကာ နေ့စဉ်အက်ကြောင်းထပ်အောင် ထုတ်လွှင့်ဘေးတီးပေးနေခြင်း၊ အခါပေးနေခြင်းများပြုလုပ်နေ၊ ယင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုး အကျိုးဆက်များအတွက် BBC, VOA တို့မှာ တာဝန်မကင်း။

စာမျက်နှာ ၉ မှ

ယင်းပြည်ပြေး စဝ်ခမ်ဖဦးစီးသည့် ရှမ်းပြည်ယာယီအစိုးရဆိုသည်ကို ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်(၅၆)မြို့နယ်၌ နေထိုင်ကြသည့် (၃၃)မျိုးသော တိုင်းရင်းသားလူမျိုးစုအားလုံးက လုံးဝ အသိအမှတ် ပြုခြင်း၊ ထောက်ခံခြင်း မရှိသည့်အပြင် ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ခဲ့ကြကြောင်း။

ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများကသာမက ကျန်ပြည်နယ်/တိုင်းအားလုံး၌ရှိသည့် တိုင်းရင်းသားပြည်သူအားလုံးကလည်း အဆိုပါ ရှမ်းပြည်ပြေးအဖွဲ့အား အသိအမှတ်ပြုခြင်း၊ ထောက်ခံခြင်းမရှိသည့်အပြင် ပြစ်တင်ရှုတ်ချ ကန့်ကွက်ခဲ့ကြကြောင်း။

ဆန့်ကျင်ရှုတ်ချကန့်ကွက်

ထို့အပြင် တိုင်းရင်းသားပြည်သူအသင်းဝင် အင်အား(၂၁)သန်းကျော်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကလည်းကောင်း၊ ပြည်သူအများပါဝင်သည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ကလည်းကောင်း ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ လုပ်ရပ်ကို ဆန့်ကျင်ရှုတ်ချကန့်ကွက်ကြောင်း ကြေညာခဲ့ကြကြောင်း။

အလားတူ တရားဝင် နိုင်ငံရေးပါတီများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ကလည်း ပြည်ပြေးစဝ်ခမ်ဖ၏ မှားယွင်းသောလုပ်ရပ်ကို လက်မခံကြောင်း၊ ကန့်ကွက်ကြောင်း သဘောထားများ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း။

အလားတူ ရှမ်းပြည်နယ်အတွင်း အခြေပြုနေထိုင်ကြသည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၅)ဖွဲ့ကလည်းကောင်း၊ အခြားပြည်နယ်/တိုင်း အသီးသီးတွင် အခြေပြု နေထိုင်ကြသော ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၃)ဖွဲ့ကလည်းကောင်း ပြည်ပြေးစဝ်ခမ်ဖ၏ ယခုကဲ့သို့ ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်နှင့် ငြိမ်းချမ်းရေးကိုဖျက်ဆီးသည့်လုပ်ရပ်များကို လုံးဝလက်မခံနိုင်ကြောင်း၊ ဆန့်ကျင်ကန့်ကွက်ကြောင်း သဘောထားကြေညာချက်များကို ထုတ်ပြန်ခဲ့ကြပြီး ဖြစ်ကြောင်း။

အဆိုပါ အစိုးရမဟုတ်သည့် (NGO) အဖွဲ့အစည်းများ၊ တရားဝင်နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောထားကြေညာချက်များကို နေ့စဉ်ထုတ် သတင်းစာများမှာလည်း ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ကြောင်း၊ သတင်းစာဆရာကြီးများ လေ့လာနိုင်အောင် ဘုတ်များတွင် ပြသထားကြောင်း။

တညီတညွတ်တည်းဆန့်ကျင်ကန့်ကွက်

၁၉၆၀ပြည့်နှစ်တစ်ဝိုက်က ရှမ်းစော်ဘွားများ၏ ရှမ်းပြည်နယ်ခွဲထွက်ရေး ဖက်ဒရယ်မူရရှိအောင် ကြိုးပမ်းမှုကို ထိုစဉ်ကရှိခဲ့သည့် ပါတီများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများက လက်မခံဘဲ ဆန့်ကျင်ကန့်ကွက်ခဲ့ကြသကဲ့သို့ ယခု လှုပ်ရှားဖော်ဆောင်လာသည့် ပြည်ပြေးစော်ဘွားအနွယ်စဝ်ခမ်ဖ၏ ရှမ်းပြည်နယ်ကို လွတ်လပ်သောနိုင်ငံအဖြစ် တည်ထောင်ကြောင်း ကြေညာခြင်း၊ ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်းခြင်းနှင့် ရှမ်းပြည်နယ်ကို စစ်မက်ဖုန်ပမာ ဖန်တီးနေခြင်းတို့ကိုလည်း ယနေ့တိုင်းရင်းသားပြည်သူများ၊ အစိုးရမဟုတ်သော (NGO) အဖွဲ့အစည်းများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများက တညီတညွတ်တည်း ဆန့်ကျင်ကန့်ကွက်ရှုတ်ချခဲ့သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ဤသည်မှာ ပြည်ထောင်စုမပြိုကွဲရေးဟူသော မျိုးချစ်စိတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသော မျိုးချစ်စိတ်များကသာ မှန်ကန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည်ကို ဖော်ပြနေခြင်း ဖြစ်ကြောင်း။

ဤကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အဖွဲ့အစည်းများက ပြည်ပြေးရှမ်းစော်ဘွားအနွယ် စဝ်ခမ်ဖ၏လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချနေကြသော်လည်း BBC, VOA စသည့် အနောက်တိုင်း အသံလွှင့်ဌာနများက ပြည်ပြေးရှမ်းစော်ဘွားအနွယ် စဝ်ခမ်ဖ၏လုပ်ရပ်ကို အားပေးအားမြှောက်ပြုကာ နေ့စဉ်အပ်ကြောင်းထပ်အောင် ထုတ်လွှင့်ဘောတီးပေးနေခြင်း၊ အခါပေးနေခြင်းများ ပြုလုပ်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ယင်းဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုး အကျိုးဆက်များအတွက် BBC, VOA တို့မှာ တာဝန်မကင်းကြောင်း ရှင်းလင်းပြောကြားလိုကြောင်း။

စုပေါင်းနေထိုင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းက တိုင်းရင်းသားလူမျိုး(၁၀၀)ကျော် စုပေါင်းနေထိုင်လာသည့် နိုင်ငံဖြစ်ကြောင်း။ သမိုင်းမတင်မီခေတ်ကတည်းက မြန်မာနိုင်ငံ၌ တိုင်းရင်းသားအားလုံးသည် အတူတကွ အခြေချနေထိုင်ခဲ့ကြကြောင်း၊ ရေကြည်ရာ၊ မြက်နုရာ ရွှေ့ပြောင်းနေထိုင်ကြရင်းက တစ်နိုင်ငံလုံးရှိ နေရာဒေသတိုင်းတွင် တိုင်းရင်းသားအားလုံးသည် အတူတကွ ချစ်ခင်စည်းလုံးစွာ စုပေါင်းနေထိုင်လျက်ရှိကြကြောင်း။ ဥပမာအားဖြင့် ရန်ကုန်တိုင်း၌ တိုင်းရင်းသားမျိုးနွယ်စု (၅၀)နီးပါး ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်လျက်ရှိကြသကဲ့သို့ ရှမ်းပြည်နယ်တွင်လည်း ရှမ်း၊ ဝ၊ ပအိုဝ်း၊ ပလောင်၊ လားဟူ၊ အခါ၊ ဗမာ စသည့် တိုင်းရင်းသားမျိုးနွယ် (၃၃)စုအထိ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိကြကြောင်း။

တိုင်းရင်းသားတစ်မျိုးတည်း နေထိုင်သည့် ပြည်နယ်/တိုင်းဟူ၍ မရှိဘဲ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးစွာ အတူတကွနေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ပြည်နယ်နှင့်တိုင်း (၁၄)ခုဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီး ဖြစ်သကဲ့သို့ ပြည်နယ်/တိုင်း တစ်ခုချင်းသည်လည်း တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုသဘော သက်ရောက်သော ဒေသများပင်ဖြစ်ကြောင်း။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

၁၉၈၈ ခုနှစ်တစ်ဝိုက်တွင် နိုင်ငံတော်၏စီးပွားရေး ချွတ်ခြုံကျပြီး နိုင်ငံရေးပြိုလဲကာ တိုင်းပြည်ပြိုကွဲပျက်စီးတော့မည့်အခြေအနေ ရောက်ရှိခဲ့သည့်အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲသာမရှောင်သာ ယူခဲ့ရပါကြောင်း၊ ယင်းအချိန်ကစပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ရည်မှန်းချက်ကို ဦးစားပေးအကောင်အထည်ဖော်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် တိုင်းရင်းသားလူမျိုးများနှင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းကာ စီမံချက်များ ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၆၅၀၀၀ကျော် အကုန်အကျခံ သုံးစွဲဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပူးပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံအနှံ့တွင်လည်းကောင်း၊ ပြည်နယ်/တိုင်းအသီးသီးတွင်လည်းကောင်း အတူတကွပူးပေါင်းကာ တစ်သားတည်း နေထိုင်ကြတာဖြစ်သည့်အတွက် မည်သို့မျှ ခွဲခြား၍မရနိုင်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတွင် တစ်ဗိုလ်တစ်မင်း၊ တစ်တောတစ်ဖဝါဒဆိုသည့် စိတ်ဓာတ်ကို ရှောင်ရှားပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးဖြင့် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုးတန်ဖိုးထားလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ခြင်း၊ နိုင်ငံတော်ကို စုပေါင်းကာကွယ်စောင့်ရှောက်ခြင်းဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ခွင့်ပြုမည်မဟုတ်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေး သုံးပါးကို လုံးဝအထိပါးမခံဘဲ ကာကွယ်စောင့်ရှောက်သွားမှာဖြစ်သကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့် ပြည်နယ်/တိုင်းကိုမျှ ပြည်ထောင်စုကြီးမှ ခွဲထွက်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာဆရာများ၏ မေးမြန်းချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်လည်ရှင်းလင်း ဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ညနေ၄နာရီ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅) တွင် ပြသထားသော ကြေညာချက်များ၊ ဓာတ်ပုံမှတ်တမ်းများကို သတင်းစာဆရာများ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ထို့အပြင် နိုင်ငံတော်တစ်ဝန်းလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို ကွန်ရက်ပမာ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းအထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုအနက် ရှမ်းပြည်နယ်အတွက် ပင်လုံဒေသ၊ တောင်ကြီးဒေသ၊ ကျိုင်းတုံဒေသနှင့် လားရှိုးဒေသ အထူးဖွံ့ဖြိုးရေးဇုန် လေးဇုန် ပါဝင်ခဲ့ကြောင်း။

ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှု အကြားအလပ်မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီးတော့လည်း တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်တစ်လွှား ဆည်မြောင်းတာတမံများ၊ လမ်းတံတားများ၊ တက္ကသိုလ်ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြမှာဖြစ်ကြောင်း၊ ဤဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့် အကျိုးစီးပွားများကိုလည်း တိုင်းရင်းသားအားလုံး ရရှိခံစားနေကြရပြီ ဖြစ်ကြောင်း။

ဤသည်မှာ မည်သည့်ခေတ်၊ မည်သည့်ကာလကမျှ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည်များကို တပ်မတော်အစိုးရက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သကဲ့သို့ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးတိုးတက်မှုတွင် ကွာဟမှု အနည်းဆုံးဖြစ်စေရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်အစိုးရ၏ စေတနာပင် ဖြစ်ကြောင်း။

အထက်က ရှင်းလင်းပြောကြားခဲ့သည့်အတိုင်း မိမိတို့နိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်ပေါင်း (၁၀၀)ကျော် ချစ်ကြည်ရင်းနှီးစွာ အတူတကွ

ကြည့်ရှု

ယင်းနောက် သတင်းစာဆရာများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်ကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်ကြသည့် အစိုးရမဟုတ်သော အသင်းအဖွဲ့များ၏ ကြေညာချက်များ၊ နိုင်ငံရေးပါတီများ၏ ကြေညာချက်များ၊ ရှမ်းပြည်နယ်အတွင်းရှိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့များ၏ ကြေညာချက်များ၊ အခြားပြည်နယ်နှင့် တိုင်းအသီးသီးရှိ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားအဖွဲ့များ၏ ကြေညာချက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် ပတ်သက်သော အချက်အလက်များ၊ ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းအပါများ၏ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ပြေးစဝ်ခမ်ဖတို့ အဖွဲ့လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ကြသောအင်အားသည် မြန်မာနိုင်ငံလူဦးရေ၏အများဆုံးဖြစ်

SURA အဖွဲ့သည် ယနေ့တိုင်ဘိန်းစားပြလုပ်ငန်းနှင့် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်ဆောင်ရွက်နေ

ပြည်ပြေးစိန်ဝင်း၏အဖွဲ့၊ စဝ်ခမ်ဖ၏ ရှမ်းပြည်နယ်ယာယီအစိုးရအဖွဲ့ များသည် ဆရာတစ်ဦးတည်း၏ တပည့်များဖြစ်

ရန်ကုန် ဧပြီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅)တွင် သတင်းစာဆရာများ၏ မေးမြန်းချက်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ပြန်လည်ဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာဆရာကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

NTVသတင်းဌာနမှ ဦးအောင်ရွှေဦး–

နီပွန်တယ်လီဗေးရှင်းမှ ဦးအောင်ရွှေဦးက မေးမြန်းစဉ်။ (မြန်မာ့အလင်း)

ပြည်ပြေး စဝ်ခမ်ဖတို့ရဲ့ လုပ်ရပ်နဲ့ပတ်သက်လို့ ဆန့်ကျင်ကန့်ကွက်တဲ့အဖွဲ့ပေါင်း တော်တော် များများရှိနေပြီ ဆိုတာ သိရပါတယ်။ ဒီအထဲမှာ ဝန်ကြီး ရှင်းပြလို့ တချို့အဖွဲ့တွေရဲ့ အင်အားတွေကို သိရပါတယ်။ ကျန်အဖွဲ့တွေ အားလုံးစုစုပေါင်း ဘယ်လောက်ရှိပြီလဲ။ တချို့ ပါတီပဲဖြစ်ဖြစ်၊ ကျန် မည်သည့် အဖွဲ့ပဲ ဖြစ်ဖြစ် ထိုအဖွဲ့တွေရဲ့ အင်အားကို ဖြစ်နိုင်ရင် သိချင်ပါတယ်။ ဒုတိယအချက်ကတော့ စဝ်ခမ်ဖတို့အဖွဲ့ဟာ ကိုလိုနီလက်သစ်တွေရဲ့ အားပေးအားမြှောက်မှုနဲ့ ဖွဲ့စည်းထားသလို တခြားတစ်ဖက်မှာဆိုရင် အများသိတဲ့ အတိုင်းပဲ ပြည်ပြေးစိန်ဝင်းအဖွဲ့လဲ ရှိပါတယ်။ ဒီနှစ်ဖွဲ့ဟာ ဘယ်လိုဆက်စပ်မှုရှိပါသလဲ။ ကိုလိုနီလက်သစ်ရဲ့ အနေအထား ဘယ်လိုရှိမယ်ဆိုတာကိုလဲ သိချင်ပါတယ်။ နောက်တတိယအချက်ကတော့ ဒီဖွဲ့စည်းဆောင်ရွက်တဲ့ကိစ္စနဲ့ ပတ်သက်လို့ BCP(ဗကပ) ရဲ့ Moral Actual Support ရှိပါသလား။ ရှိခဲ့ရင်လဲ ဘယ်လိုအတိုင်းအတာထိ ရှိပါသလဲ၊ ဖြေကြားပေးစေလိုပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး–

စဝ်ခမ်ဖတို့ကို ဆန့်ကျင်ကန့်ကွက်ကြောင်း ကြေညာခဲ့တဲ့ အဖွဲ့အစည်း၊ NGOများရဲ့ အင်အားအနေနဲ့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးရဲ့အင်အားက ၂၁သန်းကျော် ရှိပါတယ်။ ယနေ့ မြန်မာနိုင်ငံတော်မှာလူဦးရေ ၅၄သန်းဖြစ်တဲ့အတွက် ဒါဟာ တစ်ဝက်နီးပါးအင်အားဖြစ်ပါတယ်။ အလားတူပဲ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအင်အားက လေးသန်းကျော် ရှိပါတယ်။ ဒီအတိုင်းပဲ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့အင်အားကလဲ သန်းဂဏန်းရှိပါတယ်။ ဒါကြောင့် ပြည်ပြေးစဝ်ခမ်ဖအဖွဲ့ရဲ့ လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြတဲ့ အဖွဲ့အစည်းအသီးသီးရဲ့ အင်အားကို ပြောမယ်ဆိုရင် မြန်မာနိုင်ငံ လူဦးရေရဲ့ အများစုဖြစ်ပါတယ်။ ဒါ့အပြင် အဖွဲ့အသီးသီးမှ မပါဝင်ကြပေမယ့် တိုင်းရင်းသားပြည်သူအားလုံးဟာ ၁၉၆၀ ပြည့်နှစ်တစ်ဝိုက်ဖက်ဒရယ်မူ တောင်းဆိုခဲ့တုန်းက ကန့်ကွက်ခဲ့ကြ သလိုပဲ ခုလဲပြည်နယ်နှင့်တိုင်း အသီးသီးမှာရှိတဲ့ ပြည်သူများ၊ ရှမ်းပြည်နယ်မှာရှိတဲ့ ၃၃မျိုးသော တိုင်းရင်းသားမျိုးနွယ်စုများအားလုံးက အခုလို ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ ပြည်ထောင်စုကြီးမှခွဲထွက်ရေး ကြေညာတာနဲ့ ပတ်သက်ပြီးတော့ လုံးဝလက်မခံကြပါဘူး။ တစ်နိုင်ငံလုံးက ဆန့်ကျင်ကန့်ကွက်ကြတာ ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အဖွဲ့လဲရှိတယ်။ အခုစဝ်ခမ်ဖကလဲ ရှမ်းပြည်နယ် ယာယီအစိုးရအဖွဲ့ ဆိုပြီးတော့ဖွဲ့တယ်။ တစ်နည်းအားဖြင့်ဆိုရင် ယာယီအစိုးရအဖွဲ့နှစ်ဖွဲ့ရှိနေတယ်။ ဒါတွေကို ဘယ်သူတွေက လက်သပ်မွေးထားလဲ။ သူတို့နှစ်ဖွဲ့ရဲ့ ဆက်သွယ် ဆက်စပ်မှုဘယ်လိုရှိသလဲလို့ မေးထားတာဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက် လို့ကတော့ BBCနဲ့ VOAက ပြောနေတာတွေကို ကြည့်လိုက် ရင်ဘယ်လိုရှိတယ်ဆိုတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ တကယ်တော့ ဒီပြည်ပြေးအစိုးရအဖွဲ့ နှစ်ဖွဲ့စလုံးဟာ ဆရာတစ်ဦးတည်းရဲ့ တပည့် များသာ ဖြစ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ ယခုလို စဝ်ခမ်ဖရဲ့ရှမ်းပြည်ယာယီအစိုးရဖွဲ့စည်း ခြင်းအပေါ် BCP (ဗကပ)ရဲ့ စိတ်ဓာတ်ရေးဆိုင်ရာထောက်ပံ့မှု၊ ထောက်ခံမှု ရှိပါသလားဆိုတဲ့မေးခွန်းနဲ့ပတ်သက်လို့ကတော့ လောလောဆယ်မှာ ဗကပရဲ့ သုံးသပ်ချက်၊ ပြောဆိုချက်တစ်စုံတစ်ရာ မရရှိသေးပါဘူး။

အန်တာရာသတင်းဌာနမှ ဦးလှထွေး–

အန်တာရာ သတင်းဌာနမှ ဦးလှထွေးက မေးမြန်းစဉ်။ (မြန်မာ့အလင်း)

လွန်ခဲ့တဲ့တစ်ပတ်နှစ်ပတ်လောက်က မတ်လအလယ်လောက်က ‘ဝ’နဲ့ ရွက်ဆစ်ဦးစီးတဲ့ SURA တို့ ရှမ်းပြည်နယ်မှာ တိုက်ပွဲဖြစ်နေတယ်ဆိုပြီး အသံလွှင့်ဌာနတစ်ခုက သိရပါတယ်။ အဲဒါ ဟုတ်ပါသလား။ အဲဒါဘယ်နေ့ ကစပြီး ဖြစ်ပါသလဲ။ ဖြစ်ရင် အဲဒါဖြစ်တာရဲ့ အကြောင်းအရင်းကဘာကြောင့်ပါလဲ။ နောက်တစ်ခုက အကျအဆုံး ဘယ်လို ရှိပါသလဲ။ ဒုတိယ မေးခွန်းကတော့ မနေ့ကပဲပြည်ပ အသံလွှင့်ဌာနတွေက ကရင်နီ သောင်းကျန်းသူတွေကို တပ်မတော်က တိုက်ခိုက်နေတယ်။ Chemical Weapon ဓာတုလက်နက်တွေနဲ့ ချေမှုန်းနေတယ်။ အဲဒီ ဓာတု လက်နက်တွေကြောင့် အဖုအပိန့်ပေါ်လာတယ်။ ဖျားတယ်၊ ဝမ်းသွား တယ်ဆိုတာတွေ ပါလာပါတယ်။ ဒါဟာအင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့မှာ Chemical Weapon ရှိပါသလား။ ကျွန်တော်တို့ ဓာတုလက်နက်တွေနဲ့ ကရင်နီသောင်းကျန်းသူတွေကို တိုက်ခိုက်နေ ပါသလား။ ဒါမှမဟုတ်ရင် ရိုးရိုးပဲ တိုက်ခိုက်နေသလား။ တိုက်ခိုက်မှုများ ရှိပါသလား။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး–

‘ဝ’နဲ့ SURAတိုက်ပွဲတွေ ဖြစ်နေတာ မှန်ပါတယ်။ ဘာကြောင့်တိုက်ရတာလဲဆိုတာနဲ့ ပတ်သက်ပြီး နည်းနည်းပြောချင်ပါတယ်။ သတင်းစာဆရာကြီးများ သိပြီးတဲ့အတိုင်း ‘ဝ’ တပ်ဖွဲ့များဟာ လက်နက်ကိုင်ဆန့်ကျင်တိုက်ခိုက်နေခြင်းသည် တိုင်းပြည်နဲ့လူမျိုးအပေါ် ဘယ်လိုမှအကျိုးမရှိတဲ့အတွက် အကျိုးမရှိတာကို သိရှိ သဘောပေါက်တဲ့ အတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီးတဲ့အဖွဲ့ ဖြစ်ပါတယ်။ SURA အဖွဲ့ကတော့ ယနေ့တိုင်ဘိန်းစားပြလုပ်ငန်းနှင့် နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်တဲ့လုပ်ငန်းကို ဆောင်ရွက်နေဆဲ သောင်းကျန်းသူအဖွဲ့ဖြစ်ပါတယ်။ သူ တို့နှစ်ဖွဲ့ရဲ့ သဘောထားအယူအဆများမတူတာကို ထင်ထင်ရှားရှားတွေ့နိုင်ပါတယ်။ ဒါကြောင့် တိုက်နေတာပဲဖြစ်ပါတယ်။ သို့သော် ဒီလိုတိုက်တဲ့နေရာမှာ ကျွန်တော်တို့အစိုးရ၊ ကျွန်တော် တို့တပ်မတော်အနေနဲ့ ‘ဝ’တပ်ဖွဲ့ကို တစ်စုံတစ်ရာ ညွှန်ကြားစေခိုင်းခြင်း၊ ပါဝင်ပတ်သက်ခြင်း မရှိပါဘူး။ နောက်မေးခွန်းတစ်ခုဖြစ်တဲ့ နယ်စပ်တစ်နေရာမှာ ယနေ့အထိ နိုင်ငံတော်ကို လက်နက်စွဲကိုင် သစ္စာဖောက်ဆန့်ကျင်တိုက်ခိုက်နေတဲ့ KNPP အဖွဲ့နဲ့ အဲဒီလို နိုင်ငံတော်ကိုဆန့်ကျင်တိုက်ခိုက်နေတာ၊ “အဲ့ဒီလိုလုပ်နေတာဟာ မမှန်ဘူး။ တိုင်းပြည်လူမျိုးနဲ့ ဒေသအကျိုးကို ဘယ်လိုမှ မပြုနိုင်ဘူး”လို့ ယုံကြည်ပြီးတော့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာတဲ့ ဦးထွန်းကျော် ဦးစီးတဲ့ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) တို့ တိုက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့တပ်မတော်က တိုက်နေတာမဟုတ်ပါဘူး။ စောစောကမေးတဲ့ ဓာတုလက်နက်နဲ့တိုက်တယ်ဆိုတာနဲ့ ပတ်သက်လို့ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ အဲ့ဒီဓာတုဗေဒလက်နက်ထိန်းချုပ်ရေး Convention ကို လက်မှတ်ထိုးထားပြီးသား နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့အစိုးရဟာ မိမိလက်မှတ်ရေးထိုးထားတဲ့ အကြောင်းအရာကို ဘယ်တုန်းကမှ ဖောက်ဖျက်ကျူးလွန်ခဲ့ခြင်းမရှိပါဘူး။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ နည်းပညာ အခြေအနေကလဲ ဓာတုဗေဒလက်နက် ထုတ်လုပ်နိုင်တဲ့ အနေအထားမရှိပါဘူး။ ဒါကြောင့်မို့ ဓာတုဗေဒလက်နက်တွေနဲ့ အဲဒီမှာ တိုက်ခိုက်နေတယ်ဆိုတာ မဟုတ်ပါဘူး။ အဲဒီအဖွဲ့ နှစ်ဖွဲ့ဟာ ရိုးရိုးလက်နက်များနဲ့သာ တိုက်ခိုက်နေခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၁မှ

°NHKသတင်းဌာနမှ ဦးခင်မောင်မြင့်–

ကျွန်တော်သိချင်တာက ပြည်ပြေး စဝ်ခမ်ဖတို့အဖွဲ့ကို ၁၉ရက်နေ့က မတရားအသင်း ဖြစ်ကြောင်း ကြေညာပြီးတဲ့ နောက် အဲဒီယာယီအစိုးရ ဖွဲ့လိုက်တဲ့ ရှမ်းတစ်စုရဲ့အဆက် အနွယ်တွေကို ပြည်တွင်းမှာ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ စုံစမ်းစစ်ဆေး မေးမြန်းခြင်း ရှိပါသလား၊ ရှိရင်ဘယ်နှစ် ယောက်လောက် ရှိပါသလဲ။ နောက်တစ်ခုက အခုသဘော ထား ထုတ်ပြန်တဲ့အချက်တွေ ထဲမှာ တိုင်းပြည်မှ ခွဲထွက် တာကို မလိုလားကြောင်း ထုတ် ပြန်တဲ့အဖွဲ့တွေထဲမှာ အင်န် အယ်လ်ဒီတောင်ပါနေပြီးတော့ ရှမ်း အင်န်အယ်လ်ဒီရဲ့ ထုတ်ပြန်ချက်ကို အခုထက်ထိ မတွေ့ရသေးပါဘူး။ မတွေ့သေးတာ သူတို့က မထုတ်ပြန် တာလား၊ သတင်းစာထဲ မပါသေးတာလား သိလိုပါတယ်။

အင်န်အိပ်ချ်ကေ သတင်းဌာနမှ ဦးခင်မောင်မြင့်က မေးမြန်းစဉ်။
(မြန်မာ့အလင်း)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး–

စဝ်ခမ်ဖတို့ရဲ့လုပ်ရပ်ကြောင့် ၁၉ရက်နေ့မှာကျွန်တော်တို့က မတရားအသင်းဖြစ်ကြောင်းကြေညာခဲ့တယ်။ အဲဒီလိုမတရားအသင်း ကြေညာပြီးတဲ့နောက်မှာ သူတို့နဲ့ဆက်စပ်ပတ်သက်နေတဲ့ ဆွေမျိုး စသည်ဖြင့် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း တစ်ခုမျှမရှိပါဘူး။ နောက် မေးခွန်းတစ်ခုဖြစ်တဲ့ အခုလို စဝ်ခမ်ဖရဲ့ ဆောင်ရွက်ချက်အပေါ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတောင် ကန့်ကွက်ဆန့်ကျင်တဲ့ ထုတ်ပြန် ချက်ကို ထုတ်ပြီးပြီ။ အက်စ်အင်န်အယ်လ်ဒီကရော ထုတ်ပါသလား ဆိုတာနဲ့ ပတ်သက်လို့ ဒါကတော့ အက်စ်အင်န်အယ်လ်ဒီပါတီ ရဲ့သဘောထားဖြစ်တဲ့အတွက် ကျွန်တော်တို့လောလောဆယ် ဘာမျှမသိ သေးပါဘူး။ အက်စ် အင်န်အယ်လ်ဒီကလဲ သူ့ဆန္ဒနဲ့သူ ဆောင်ရွက်မယ့် အနေအထားပဲ ဖြစ်ပါတယ်။ **(သတင်းစဉ်)**

မင်္ဂလာဗျူဟာတရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၂

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၂၇) ကြိမ်မြောက် သမထဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဧပြီ ၃၀ရက် (စနေနေ့)ည ၆နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်သည်။ လယ်တီဆရာသက်ကြီး တရားရှုမှတ်နည်းဖြင့် ကမ္မဋ္ဌာနာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်းနှင့် ကမ္မဋ္ဌာန်းနည်းပြလေးဦးက အနီးကပ်ညွှန်ကြားပြသမည်ဖြစ်ရာ မည်သူမဆို ယောဂီဝင်နိုင်ရန် စာရင်းပေးနိုင်ပြီး ဝတ္ထုပစ္စည်းများ လှူဒါန်း နိုင်ကြကြောင်း သိရသည်။ **(၃၅၂)**

ထူးခြားသည့်နေ့အပူချိန်များ

၂၂-၄-၂၀၀၅

မင်းဘူးမြို့ ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် (Continuing Professional Development CPD Forum for General Practice Family Medicine)ကို ဧပြီ၂၈ရက် မွန်းတည့် ၁၂နာရီမှ ညနေ၃နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ အပေါ်ဆုံးထပ်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးထစ်ချုန်းမည့်အခြေအနေ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲနှင့် ညနေပိုင်းတို့တွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

တင်လှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့ ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိ သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာ သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော် ဌာပနာတော်သွင်း ရွှေထီးတော်တင် ပူဇော်ဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့ တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၂

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဖဒိုကျေးရွာရှိ သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော်ဌာပနာတော်သွင်း ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါစေတီတော် ပရိဝုဏ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့ တက်ရောက်ကြည်ညိုကြပြီး စေတီတော်ကြီး၏စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ပင့်ဆောင်၍ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

တက်ရောက်ကြည်ညို

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မန္တလေးနန္ဒီသေနာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိယာ ဘိဝံသ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တပ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာသီရိ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ပဲခူးမြို့နယ် သုဓမ္မာနိကာယမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မာလင်္ကာရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပဲခူးမြို့နယ် သုဓမ္မာနိကာယ မဟာနာယက အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓထံမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့်တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှူးပြုသောပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်ကပ်

ဆက်လက်၍ ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းများကို သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်၊ ပရိတ်တရားတော်များရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းများကို စေတီတော် ပရိဝုဏ်ဝန်းကျင်၌ ချည်နှောင်ပက်ဖျန်း ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကလေးဝ ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ မဟာမင်္ဂလာအခမ်းအနား အထိမ်းအမှတ်အဖြစ် အနုမောဒနာနှင့် ရေစက်ချတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး၊ ဝန်ကြီးတို့ အမှူးပြုသော ဘုရားဒါယကာများက စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် ဗုဒ္ဓရုပ်ပွားတော်များအားပင့်ဆောင်၍ သာသနာ့အလံကိုင်အဖွဲ့ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်သည်။

ပင့်ဆောင်တင်လှူ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးဗိုလ်ချုပ် ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက ရွှေထီးတော်ဘုံအဆင့်ဆင့်၊ငှက်မြတ်နားတော် စိန်ဖူးတော်တို့ကို မင်္ဂလာရထား ပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ စေတီတော်မြတ်ကြီးအထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ရွတ်ဆိုပူဇော်

ထို့နောက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အထက်ဌာပနတိုက်အတွင်းသို့ ထည့်သွင်းပူဇော်ပေးပြီး နံ့သာရည်များပက်ဖျန်းကာ သဗ္ဗမင်္ဂလာဂါထာတော်အား ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ရွှေထီးတော်၊ စိန်ဖူးတော်၊ငှက်မြတ်နားတော်တို့ကို တင်လှူပြီး ဇယန္တော ဗောဓိယာမူလေ အောင်ဂါထာတော်ကိုရွတ်ဆိုကြသည်။ ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် မဟာမင်္ဂလာအခမ်းအနား အောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး ငွေမိုးရွာသွန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဆုတောင်းပြည့်စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဗောဓိပင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ မဟာဗောဓိပင်အား စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူးဗိုလ်ချုပ်ကိုကို နှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တို့သည် ဖဒိုကျေးရွာ ဘုန်းကြီးကျောင်းတိုက်၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်သို့ သွယ်တန်းထားသော မဟာဓာတ်အားလိုင်းတာဝါတိုင်အား သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲ

ရန်ကုန် ဧပြီ ၂၂

ယနေ့နံနက် ၂နာရီခန့်တွင် လွိုင်ကော်မြို့ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်သို့ သွယ်တန်းထားသော မဟာဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ်(၁၃၀)အား ကေအင်န်ပီပီ အကြမ်းဖက်သောင်းကျန်းသူတစ်ဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့ရာ ဓာတ်အားလိုင်းပြတ်တောက်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်နေရာသို့ နယ်မြေခံတပ်နယ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးတင်မောင်ဝင်းနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သော ပြန်လည်ပြုပြင်ဆောင်ရွက်မှုများကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ တစ်စုံတစ်ရာပျက်စီးချို့ယွင်းမှုမရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော် ကြီး ဖြစ်မြောက်ရေးအတွက် မြန်မာညွှန့် ပရိဘောဂ တာမွေမြို့နယ်က ရွှေပြည်ဟိန်း ဆရာတော်ကြီးအား အမှူးထား၍ တပည့်ဒါယကာဒါယိကာမများ ကောင်းမှုအဖြစ် အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ဖြစ်မြောက်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံမှ စက်မှုစွမ်းအင်ဒုတိယဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၂

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံကုန်သွယ်မှု၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Cho Hwan-Eik နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ကံဘဲ့လမ်းရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ ဂါရဝပြုသည်။

ယင်းသို့ တွေ့ဆုံရာတွင် သတ္တုကဏ္ဍနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်ပါရီမြန်မာဘုန်းတော်ကြီးကျောင်းဖြစ်မြောက်ရေး စတုတ္ထအကြိမ်အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၂

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ပေါ်ထွန်းလာရေးအတွက် စတုတ္ထအကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ၁၃၆၇ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် ဧပြီ ၃၀ ရက်(စနေနေ့)နံနက် ၈နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ကမ္ဘာအေးလိုဏ်ဂူ တောင်ဘက်မုခ်ရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အလှူရှင်များ လှူဒါန်းလိုပါက မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟို)၊ အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်တော် ဗဟန်း(၃)လမ်း မှတ်တိုင်အနီး ဗဟန်းလမ်းမကြီး ဗဟန်းမြို့နယ် ဖုန်း-၀၉-၉၀-၄၂၃၄၃ နှင့် ဒေါ်အောင်ကြည် ဒုတိယညွှန်ကြားရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သာသနာရေးဝန်ကြီးဌာန ဖုန်း-၆၆၅၃၆၀ သို့တို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီတဂူတရားပွဲ

ရန်ကုန် ဧပြီ ၂၂

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိအဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ(D.Litt)၏ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် စိန်ရတု ငါးထပ်ကျောင်း စတုတ္ထထပ်ရေစက်ချ ကျောင်းလှူတ်ပူဇာတရားပွဲကို ဧပြီ၂၇ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ဟောကြားမည်ဖြစ်ရာ တရားနာကြွရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်းအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ပါဝင်ယှဉ်ပြိုင်ရန် ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်း ရောက်ရှိလေ့ကျင့်

ရန်ကုန် ဧပြီ ၂၂

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် လာမည့်မေ ၅ရက်၌ စတင်ကျင်းပမည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းသည် ရန်ကုန်မြို့သို့ ကြိုတင်ရောက်ရှိပြီး လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းကို ကချင်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့် (ပြည်နယ်ပညာရေးမှူး၊ အငြိမ်းစား)က အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး အုပ်ချုပ်သူအဖြစ် ဒေါ်အုန်းရင် (လက်ထောက်ကာယကြီးကြပ်ရေးမှူး၊ ပြည်နယ်ပညာရေးမှူးရုံး)၊ နည်းပြဆရာများအဖြစ် ဒေါ်ဖြိုးဖြိုးမောင် (ဦးစီးအရာရှိ၊ အား/ကာ)နှင့် ဦးမောင်မောင်မြင့် (ပြည်နယ် ယဉ်ကျေးမှု)၊ အကူနည်းပြအဖြစ် ဦးစိုးဝင်း (အကောက်ခွန်ဦးစီးဌာန) တို့က တာဝန်ယူဆောင်ရွက်ကြသည်။

ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းတွင် အားကစားသမားများအဖြစ် **(ဂိုး)**ချိုချိုဝင်း၊ သန်းသန်းအေး၊ **(နောက်တန်း)**တုဆမ်၊ ဟောင်းစိုင်း၊ အေးစန်း၊ မြင့်တင်၊ ယဉ်ယဉ်ဦး၊ ခင်မြင့်မြတ်၊ ဇာခြည်လင်း၊ **(အလယ်တန်း)** အားပရီ၊ ဂျာဆန်၊ သီတာအေး၊ လုဘူ၊ ဇင်မာလွင်၊ စိုးသန္တာ၊ **(ရှေ့တန်း)**မိုးမိုးခိုင်၊ ဖြိုးဖြိုးစိုး၊ အိဆွေဇင်၊ သန်းသန်းလှိုင်တို့ ပါဝင်ကြသည်။

ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်း အောင်နိုင်ရေးအတွက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပံ့ပိုးကူညီပြီး ကချင်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့က အနီးကပ်ကြီးကြပ်လျက်ရှိသည်။

ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းသည် ၁၉၉၇ခုနှစ် ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပထမဆု၊ ၂၀၀၁ခုနှစ် ဆဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သည်။ ယမန်နှစ်ပြိုင်ပွဲ၌ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သော ကချင်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းသည် ယခုနှစ်ပြိုင်ပွဲ၌ အောင်မြင်မှု မြင့်မြင့်မားမားရရှိရေးအတွက် မတ်လဆန်းမှစတင်၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ဧပြီ ၂၁ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ကြသည်။ ယခုအခါ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌နေထိုင်ကာ ရန်ကုန်မြို့၏ ရာသီဥတုအပူဒဏ်နှင့် အသားကျမှုရှိရေးအတွက် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

အေစီမီလန်က ချီယေးဗိုကို အနိုင်ရပြီး ဂျူဗင်းတပ်စ်နှင့်အမှတ်တူ ဂျူဗင်းတပ်စ်ကိုနိုင်ပြီး အင်တာမီလန် အဝေးကွင်းရှုံးပွဲမရှိစံချိန်ဆက်ထိန်း

ရောမ ဧပြီ ၂၂

အီတလီစီးရီးအေ ဘောလုံးပွဲစဉ်(၃၂)ကို ဧပြီ၂၀ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အေစီမီလန်က ချီယေးဗိုကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရကာ ပါးမားနှင့်ဆမ့်ဒိုးရီးယားတို့ တစ်ဂိုးစီသရေပွဲဖြစ်ပြီး စီးရီးအေထိပ်သီး ဂျူဗင်းတပ်စ်က အင်တာမီလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးခဲ့ရာ ဂျူဗင်းတပ်စ်တို့တန်းစီဇယား ထိပ်ဆုံးနေရာတွင် ဆက်လက်တည်ရှိနေသော်လည်း ဒုတိယနေရာမှ အေစီမီလန်က အမှတ်တူဖြစ်သွားသဖြင့် ဖိအားပေးမှုအကြီးအကျယ်ခံနေရပြီဖြစ်သည်။

အေစီမီလန်နှင့်ချီယေးဗို

တန်းဆင်းဇုန်အတွင်း မရောက်အောင် ကြိုးစားရုန်းကန်နေရသော ချီယေးဗိုကို အိမ်ကွင်းဆမ်စီရို၌အေစီမီလန်တို့ အနိုင်ရအောင်ကြိုးစားကစားခဲ့ရသည်။ ပြီးခဲ့သည့်ပွဲစဉ် (၃၁)က ဆီနာကို နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့ရပြီးတန်းစီဇယား ပထမနေရာကို ဂျူဗင်းတပ်စ်တို့ အားလွှဲပေးလိုက်ရသဖြင့်ယခုပွဲ အိမ်ကွင်း၌ ချီယေးဗိုကို အနိုင်ရအောင်ခက်ခဲစွာ ကစားပြီးအနိုင်ယူနိုင်ခဲ့သည်။ အေစီမီလန်တို့ယခုပွဲကို ပွဲအစတွင် တိုက်စစ်ဖွင့်မကစားဘဲ ချီယေးဗိုတို့ ထိုးဖောက်ကစားမှုကို သာဟန့်တားကစားခဲ့သည်။ ချီယေးဗိုတို့က ပွဲအစပိုင်းတစ်ချိန်လုံးဂိုးရရှိရေးကြိုးစားကစားရာ ချီယေးဗိုတိုက်စစ်မှူးမာချီဆက်တီက အေစီမီလန်ဂိုး ၁၅ကိုက်အကွာမှ အပြင်းကန်သွင်းချက်မှာ ဂိုးပေါ်ကျော်သွားသဖြင့်နစ်နာခဲ့ရသလို ပွဲချိန် ၁၀မိနစ်တွင်မာချီဆက်တီ အပိုင်ကန်သွင်းမှုကိုဂိုးသမား ဒီဒါကာကွယ်သွားနိုင်ခဲ့သည်။

အေစီမီလန်တိုက်စစ်မှူးများဖြစ်သည့် ရှက်ချင်ကို၊ ခရက်စပို၊ ဆာဂျင်ဟိုတို့ ရှေ့တန်းတွင်အချိတ်အဆက်မိမိ ထိုးဖောက်တိုက်စစ်ဆင်နိုင်ခြင်းမရှိဘဲဖြစ်ရာ အလွတ်တည်ကန်ဘောရရှိသည်ကိုလည်း ဆာဂျင်ဟိုဂိုးဝင်အောင်မသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းကစားချိန်ရောက်မှသာ အေစီမီလန်တို့ အပေးအယူ မှန်မှန်ဖြင့် ကစားလာနိုင်ခဲ့ရာ ၆၅ မိနစ်တွင် ဆီးဒေါ့ဖ်က ချီယေးဗို နောက်ခံလူများကို ဖြတ်ကျော်ကာ ဂိုးသွင်းယူနိုင်ခဲ့ပြီး ယင်းတစ်ဂိုးတည်းဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အေစီမီလန်က တိုက်စစ်မှူးများဖြစ်သော ရှက်ချင်ကို၊ ဆာဂျင်ဟိုနှင့် ဟာနန်ခရက်စပိုတို့အစား တိုမာဆင်၊ ကာလာဒက်ဇ်နှင့် ဘရိုချီတို့အစားထိုးကစားခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ဘဲပွဲသိမ်းခဲ့ရခြင်းဖြစ်သည်။ အေစီမီလန်တို့ယခုပွဲ အနိုင်ရရှိခဲ့သဖြင့်တန်းစီဇယားဒုတိယနေရာတွင် ရှိနေသော်လည်းဂျူဗင်းတပ်စ်နှင့် ရမှတ်(၇၀)ချင်းတူသွားပြီဖြစ်သည်။

ဂျူဗင်းတပ်စ်တို့ရှုံးပွဲကြုံ

တန်းစီဇယားထိပ်ဆုံးတွင်ရှိနေသော ဂျူဗင်းတပ်စ်ကို ဂျူဗင်းတပ်စ်ကွင်း ဒယ်လီအယ်လီ၌ပင် အင်တာမီလန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီး ယခုနှစ် စီးရီးအေဘောလုံးရာသီတွင် အဝေးကွင်းလုံးဝရှုံးပွဲ မရှိသေးသော စံချိန်ကို အင်တာမီလန်တို့ ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပြန်ပြီဖြစ်သည်။

အဝေးကွင်း ရှုံးပွဲမရှိသေးသည့် အင်တာမီလန်ကို အိမ်ကွင်း၌အနိုင်ကစားရန် ဂျူဗင်းတပ်စ်၏အကောင်းဆုံးဘောလုံးသမားများဖြင့် ပွဲထုတ်ခဲ့ရာ ရှေ့တန်းတွင် အီဘရာဟီမိုဗစ်၊ ဒယ်ပီယာရို၊ ဇမ်ဘရော့တာနှင့် နက်ဗက်၊ အလယ်တန်းတွင် အီမာဆင်၊ ကာမိုရာနီစီ၊ နောက်တန်းတွင် အပီယာစ်၊ သူရမ်၊ ကမ်နာဗာရိုနှင့် ဘီရင်ဒယ်လီတို့နှင့်အတူ ဂိုးသမားအဖြစ် ဘက်ဖွန်းတို့ ပါဝင်ခဲ့သည်။

နစ်နာခဲ့ရ

ပွဲစသည်နှင့် နှစ်သင်းစလုံး လျင်လျင်မြန်မြန် တိုက်စစ်ဖွင့်ကစားရာ ဂျူဗင်းတပ်စ်တိုက်စစ်မှူးများက အင်တာမီလန် နောက်ခံလူများကို တွန်းတွန်းတိုက်တိုက် ထိုးဖောက်ကစားရာပွဲချိန် ၁၂မိနစ်တွင် အီဘရာဟီမိုဗစ်၏ ခေါင်းတိုက်သွင်းမှုကို အင်တာမီလန်နောက်ခံလူ မီဟာဂျလိုဗစ် ဖျက်ထုတ်လိုက်သဖြင့် ဂျူဗင်းတပ်စ်တို့ နစ်နာခဲ့ရသည်။

အင်တာမီလန်တို့ အဖွင့်ဂိုးသွင်းယူနိုင်ရေး အပေးအယူမှန်မှန်ဖြင့် ထိုးဖောက်ကစားရာ အလယ်တန်းလူ ဇီမာရီရာ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ဂျူလီရိုခရုစ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့သည်။ ဂျူဗင်းတပ်စ်တို့ ချေပဂိုးရရှိရေး ကြိုးစားကစားရာ ဂျူဗင်းတပ်စ်တိုက်စစ်မှူးများ၏ အဆုံးသတ်မပိုင်နိုင်မှုနှင့် အင်တာမီလန်

စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ် ဂျူဗင်းတပ်စ်နှင့် အင်တာမီလန်တို့ ယှဉ်ပြိုင်ကစားရာ အင်တာမီလန် တိုက်စစ်မှူး ဂျူလီရိုခရုဇ်(၀)က ဂျူဗင်းတပ်စ်ဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူလိုက်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂိုးသမားတော်လ်ဒို လက်စွမ်းပြကာကွယ်နိုင်မှုကြောင့် ဂိုးမရရှိဘဲ ဖြစ်ခဲ့ရသည်။ ပွဲချိန် ဒုတိယပိုင်းတွင်လည်း ဂျူဗင်းတပ်စ်တို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားရာ အင်တာမီလန်တို့က ခံစစ်ကြောင်းကို လုံအောင်ကစားခဲ့သဖြင့် ဂျူဗင်းတပ်စ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီး ဒုတိယနေရာမှ အေစီမီလန်နှင့် အမှတ်တူသွားခဲ့ပြီဖြစ်သည်။

လာဇီယိုသရေပွဲဖြစ်

အိမ်ကွင်းရလဒ် ကောင်းသော ကယ်ဂလီရာရီကို လာဇီယိုတို့သရေကစားနိုင်ခဲ့သည်။ ယခုနှစ်အဝေးကွင်းရလဒ်မကောင်းဘဲ ချေပျက်နေသော လာဇီယိုတို့ ယခုပွဲသရေကျခဲ့ရာ ကယ်ဂလီရာရီထက် တစ်မှတ်အသာရပြီး အဆင့်ခုနစ်နေရာတွင် ရှိနေသည်။ ကယ်ဂလီရာရီအတွက် အဖွင့်ဂိုးကို မိနစ် ၇၀တွင် တိုက်စစ်မှူး အီစပိုဆီတိုက သွင်းယူပေးပြီး လာဇီယိုအတွက်ချေပဂိုးကို ပွဲချိန်မိနစ် ၉၀တွင် နောက်ခံလူ ဆီဗီလီရာက သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့ရခြင်း ဖြစ်သည်။

အခြားပွဲရလဒ်များ

ဖီအိုရင်တီးနား	**၁ - ၁**	**မက်ဆီနာ**
လက်ချီ	**၁ - ၁**	**ဘိုလော့နာ**
ပါလာမို	**၃ - ၃**	**ဘရက်ရှား**
ပါးမား	**၁ - ၁**	**ဆမ့်ဒိုးရီးယား။**

(အင်တာနက်)

စာမျက်နှာ ၆ မှ

အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် မိမိတို့ စစ်မှုထမ်းဟောင်းအဖွဲ့များအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အတူကျရာအခန်းကဏ္ဍက တစ်တပ်တစ်အား လိုအပ်သည့်နေရာမှ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်သွားကြရန်လိုပါကြောင်း ပြောကြားပြီး အကြိုညီလာခံ (၂၀၀၅) ပထမပိုင်းကို ခေတ္တရပ်နားသည်။

ယင်းနောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးကလည်းကောင်း၊ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ဒုတိယဗိုလ်မှူးကြီးလှထွား(အငြိမ်းစား)၊ ဒုတိယဗိုလ်မှူးကြီးသိန်းနိုင်(အငြိမ်းစား) နှင့်ဗိုလ်မှူးစိုးမြ(အငြိမ်းစား)တို့က လည်းကောင်း ဆောင်ရွက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ သဘာပတိ ဗိုလ်မှူးကြီးတင်စိုးက ဒုတိယပိုင်း သဘာပတိ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ ညီလာခံ(၂၀၀၅)အစီရင်ခံစာကို ဗိုလ်မှူးလှစိုး(အငြိမ်းစား)၊ ဗိုလ်ကြီးအေးမြင့်(အငြိမ်းစား)နှင့် ဗိုလ်မှူးညွန့်အောင် (အငြိမ်းစား)တို့က အပိုင်းအလိုက်အသီးသီး ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)တွင်တင်သွင်းသည့် အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီး (၅)ရပ်မှ “အမျိုးသား နိုင်ငံရေးရာကဏ္ဍ” ကို ဒုတိယဗိုလ်မှူးကြီးမင်းဟန်(အငြိမ်းစား)က လည်းကောင်း၊ “နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ”ကို ဒုတိယဗိုလ်မှူးကြီးစန်းအောင် (အငြိမ်းစား)ကလည်းကောင်း၊ “စီးပွားရေးရာကဏ္ဍ”ကို ဗိုလ်မှူးစိုးမြင့်အောင် (အငြိမ်းစား)က လည်းကောင်း၊ “လူမှုရေးနှင့်သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍ”ကို ဗိုလ်ကြီးတင်ကို (အငြိမ်းစား) ကလည်းကောင်း၊“ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍ”ကို ဗိုလ်ကြီးအောင်မြင့်(အငြိမ်းစား)ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

အတည်ပြုကြေညာ

ထို့နောက် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို သဘာပတိက အကြိုညီလာခံသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ သဘောတူညီချက်ကို ရယူကာ အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ အခမ်းအနားမှူးက ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)မှ ဆုံးဖြတ်ချက်(၃)ရပ်၊ အတည်ပြုချက်(၁)ရပ်နှင့် မှတ်တမ်းတင်ခြင်း(၃)ရပ်တို့ကို ဖတ်ကြားကြေညာသည်။

ထို့နောက် သဘာပတိ ဗိုလ်မှူးကြီးတင်စိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အကြိုညီလာခံ ကိုယ်စားလှယ်များက ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်ကြပြီး ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

မွေးနေ့ဆုတောင်း

၂၃-၄-၂၀၀၅ရက်တွင်ကျရောက်သော ကျေးဇူးရှင် ဦးမျိုးကြည်၏ မွေးနေ့ရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံစေပြီး ဘဝတစ်သက်လုံး လိုချင်တာကိုရအောင်ယူနိုင်သောသူ ဖြစ်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

မေ။





အမည်ပြောင်း

ဦးချန်ပီချန်း၏သား ပင်လုံမြို့ အထက အဋ္ဌမတန်း(B)မှ မောင်စိုင်းအောင်လှအား မောင်စိုင်းထွန်းမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းထွန်းမြင့်။



‘လှိုင်ဂူဏ်သောနှင်း’ (ရေခဲတောင်) ဓာတ်ကားကြီးအား နိုင်ငံတကာအဆင့်မီ ရုပ်ရှင်ဓာတ်ကားကြီးအဖြစ် မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပရိသတ်၏ အထူးတလည် အားပေးမှုကို ရယူခဲ့သောဓာတ်ကားအဖြစ်လည်းကောင်း၊ Tourist Attraction အဖြစ် နိုင်ငံရပ်ခြားသို့ထိုးဖောက်ပြသနိုင်ရေးအတွက်လည်းကောင်း ရိုက်ကူးပေးခဲ့သော **အကယ်ဒမီ စင်ရော်မောင်မောင်** နှင့် ပါဝင်သရုပ်ဆောင်လှုပ်ရှားခဲ့သည့် အနုပညာရှင်အားလုံးအား အထူးတလည်ဂုဏ်ပြု အပ်ပါသည်။

ဦးစိုးမြင့် (SPA / FMI, Group of Companies)
ဦးဇော်ဝင်း (Dawn Construction.)
ဦးကျော်ဝင်း (Shwe Than Lwin Trading Co.,Ltd.)
ဦးလှဝင်း (Grand Wynn Enterprise Ltd.)

အမှတ် ၈၂ ရွှေတောင်တန်းလမ်း လမ်းမတော်မြို့နယ်နေ ဒေါ်ကြင်မိနှင့် သားသမီး မြေးမြစ်တစ်စုတို့က နှစ်ဖက်သောမိဘများနှင့် ကွယ်လွန်သူခင်ပွန်း ဦးသိန်းတင်နှင့်သမီး ဒေါ်သိန်းငွေးတို့အား ရည်စူး၍ ဒေါ်ကြင်မိ၏ မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံ ထာဝရဆွမ်း၊ ဆေး၊ နဝကမ္မ ငွေပဒေသာပင်အတွက် အလှူတော်ငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က လက်ခံရယူအပြီး တွေ့ရစဉ်။ (မြန်မာ့အလင်း)

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်

ကျောက်မဲ ဧပြီ ၅

ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း အမှတ်စဉ်(၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး သင်တန်းခန်းမတွင် ကျင်းပရာ ကျောက်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလွင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်း နည်းပြများ၊ ကြီးကြပ်သူများနှင့် ရပ်ကွက်ကျေးရွာစာရေးဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုင်းပျဉ်းမြို့အဝင် ဆိုင်းဘုတ်သစ်ဆောင်ရွက်

မိုင်းပျဉ်း ဧပြီ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုင်းပျဉ်း မြို့အဝင်တွင် နှုတ်ခွန်းဆက်သပါ၏ ဆိုင်းဘုတ်သစ်ဆောင်ရွက်ပြီးစီးမှုကို မတ် ၇ ရက်က အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ(၃)တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (အောက်ပုံ)

အဆိုပါ ဆိုင်းဘုတ်မှာ အလျား ခုနစ်ပေ၊ အမြင့် ရှစ်ပေ၊ ထုထည် ကိုးလက်မရှိပြီး မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၃ဒသမ ၅သိန်း ဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ (မြို့နယ် စည်ပင်)

ဂုဏ်ပြုဆု

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ ၉ရက်က မကွေးမြို့ ကမ်းနားလမ်း မြန်မာ့ဆက်သွယ်ရေး ညွှန့်ပေါင်းဌာန၌ ကျင်းပရာ မကွေးတိုင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းလက်ထောက်အထွေထွေမန်နေဂျာ ဦးသွင်လင်းက ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ချီးမြှင့်ခြင်းခံရသော ဝန်ထမ်း ၁၃ ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။ (၃၈၃)

ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ကလော ဧပြီ ၄

ကလောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ထာဝရသွေးလှူရှင် အဆိုပြုလွှာပေးအပ်ပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၂ရက် နံနက် ၈နာရီခွဲက ကလောမြို့ ပြည်သူ့ဆေးရုံရှေ့တွင် ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တ အတွင်းရေးမှူး ဦးနန္ဒာလှမြင့်က သွေးလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ထာဝရသွေးလှူရှင်အဆိုပြုလွှာ ၄၄၆ စောင်ကိုပေးအပ်ရာ ခရိုင်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာခင်နွဲ့ရီက လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် သွေးလှူရှင်များ သွေးလှူဒါန်းရာသို့ ဗိုလ်မှူးချုပ်မြဝင်းနှင့် ဧည့်သည်များက သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားသည်။ အဆိုပါ သွေးလှူဒါန်းပွဲတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူ ၂၄ဦးတို့က သွေးလှူဒါန်းကြကြောင်းသိရသည်။(၄၀၈)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် အလကလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးနည်းပညာပေး

တန့်ဆည် ဧပြီ ၁၂

တန့်ဆည်မြို့နယ်မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးလှမြင့်နှင့် ဝန်ထမ်းများ ဦးဆောင်ပြီး မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးမည့်တောင်သူများကို မိုးကြိုချည်မျှင်ရှည်ဝါ ဘောင်ကြီးတင်စိုက်ပျိုးနည်းကို မတ် ၁၄ရက် နံနက် ၇နာရီက ဝရငယ်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၄၈) ဦးပိုင်အမှတ်(၂၅၅) ရွာသစ်ကျေးရွာတောင်သူကြီး ဦးနီ၏ ၁ ဒသမ ၀၅ ဧကရှိ ယာမြေ၌ လက်တွေ့ထွန်ယက်စိုက်ပျိုး ရှင်းလင်းပြသသည်။

တန့်ဆည်မြို့နယ်၌ ယခုနှစ်တွင် မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၂၀၀ စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း ဦးဆောင်သော စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများနှင့် မြို့မရပ်ကွက် ပြည်သူများပူးပေါင်း၍ မတ် ၂၀ ရက်က မြို့မအခြေခံပညာ မူလတန်းကျောင်းရှေ့ကွင်းတွင် သန့်ရှင်းရေးစုပေါင်း ဆောင်ရွက်ကြစဉ်။ (၀၆၁)

အကြိမ် (၃၀)မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၂

နှစ် (၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း တောင်ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်ဇော်မြင့် **(အပေါ်ယာပုံ)**သည် မတ် ၁၉ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်၌ အကြိမ်(၃၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၄ ရက်က ကော့မှူးမြို့မ စည်ပင်သာယာဈေးအား မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလှိုင်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

နွားထိုးကြီးမြို့နယ် ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နွားထိုးကြီး ဧပြီ ၂

နွားထိုးကြီးမြို့နယ် ကျန်းမာရေးကော်မတီမှ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၅)ကို မတ် ၂၄ရက် နံနက် ၁၁နာရီက မြို့နယ်ကျန်းမာရေး ဦးစီးဌာန ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဦးခင်မောင်ကြီးက မြို့နယ် လုံးကျွတ်ရာနှုန်းပြည့် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေး၊ ကျေးလက်ဒေသအရောက် ကွင်းဆင်း၍ အခမဲ့ဆေးဝါး ကုသရေး၊ လမ်းဘေးစားသောက်ဆိုင်များ ကျန်းမာရေးနှင့် အညီရောင်းချရေး၊ ကွင်းဆင်းစစ်ဆေးရေး၊ သန့်ရှင်းသော သောက်သုံးရေသန့် အသုံးပြုရေးနှင့် တီဘီဝေဒနာရှင် ဆေးပျက်ကွက်သူများ စိစစ်ဖော်ထုတ်ရေးတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေး တင်ပြကြကြောင်းသိရသည်။

(၂၁၃)

ကျေးရွာချင်းဆက် ကျေးလက်ဖွံ့ဖြိုးရေးလမ်းဖောက်

ပျော်ဘွယ် ဧပြီ ၂

ပျော်ဘွယ်မြို့နယ် မင်းလမ်းအုပ်စုနှင့် ဘတ္တာအုပ်စု ကျေးရွာချင်းဆက် အရှည် ၄ ဖာလုံခွဲရှိ ကျေးလက်ဖွံ့ဖြိုးရေးလမ်းသစ် စုပေါင်းဖောက်လုပ်ပွဲ အခမ်းအနားကို မတ် ၂၅ ရက် နံနက်က ကျင်းပသည်။

ဖောက်လုပ်ခဲ့

ထို့နောက် လမ်းသစ်ကို ကျေးရွာအုပ်စုများရှိ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလမ်းသည် ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိကျေးရွာအုပ်စုများသို့ တိုက်ရိုက်ဆက်သွယ်ထားသည်။လမ်းပေါ်ရှိတံတားကို အလှူရှင်ဦးလှအောင်–ဒေါ်ရင်မြ(ရွှေကုန်သည်)မိသားစုက ငွေကျပ် ၁၀ သိန်းအကုန်အကျခံ ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၂၅၀)**



ကွယ်လွန်သူခင်ပွန်း (ဦးဟန်ရှိန်)အား ရည်စူး၍ အင်းစိန်မြို့ ပေါက်တော ရပ်ကွက် ယုဇနလမ်း အမှတ် (၅၂၈) နေ ဒေါ်သန်းလှ မိသားစုနှင့် ကွယ်လွန်သူ မိခင် (ဒေါ်သန်းသန်း)အား ရည်စူး၍ အင်းစိန်မြို့ ဈေးကုန်းအနောက် ရပ်ကွက် ဂန္ဓမာလမ်းအမှတ်(၆)နေ ဦးမောင်မောင်သန်းနှင့် ဒေါ်မော်မော်သိန်း မိသားစုတို့က အင်းစိန်မြို့ ကွက်သစ်ရပ်ကွက် ဘုန်းတော်ကြီး ကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ စတီးဗန်းနှင့် အလူမီနီယံအုပ်ဆောင်း တစ်စုံ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော ပြည်တော်သာလမ်း အပိုင်း(၁) ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကွန်ကရစ်တံတား ဖွင့်ပွဲကို မတ် ၂၆ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်၊ အမှုဆောင်အရာရှိနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးကူးဌာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (နယ်စပ်/ စည်ပင်)

သွေးလှူရှင်များဂုဏ်ပြု အထက်မင်းလှတွင်ကျင်းပ

အထက်မင်းလှ ဧပြီ ၅

ပဉ္စမအကြိမ်နှင့် အထက် သွေးလှူရှင်များ ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၁၅ ရက် နံနက် ၉ နာရီက မကွေးတိုင်း အထက်မင်းလှမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဒုတိယဦးစီးမှူး ဦးနိုင်ဝင်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးသန်းဦးတို့က အမှာစကား ပြောကြားကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ အခမ်းအနားသို့ သွေးလှူရှင် ၅၂ ဦးနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြကြောင်း သိရသည်။ **(၀၇၆)**

မတ် ၉ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ(ခရိုင်တာဝန်ခံ)က ရွှေဘိုခရိုင်အတွင်းရှိ ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးအတွင်း လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့် လုံခြုံရေးလျှပ်စစ် မီးလိုင်းများ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မတ် ၄ ရက်က နတ်မောက်မြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့စခန်း တာဝန်ခံ ဦးဝင်းမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်အဖွဲ့တို့ ပူးပေါင်း၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသကြစဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့် ရည်ရွယ်ချက်နှင့် အကျိုးတရားများ ရှင်းလင်း

မြိတ် ဧပြီ ၅

မြိတ်မြို့နယ် သစ်ယာဝကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ ရက်မွန်းလွဲ ၁ နာရီကကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးဉာဏ်သောင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာပေဖတ်ရှုလေ့လာမှုများမှ ရရှိသည့် အကျိုးတရားများကို ရှင်းလင်းပြောကြားသည်။

အလားတူ မတ် ၁၃ ရက် နံနက် ၇ နာရီက သစ်ယာဝကျေးရွာအုပ်စု ကံပြင်ရွာ အခြေခံပညာ မူလတန်းကျောင်း၌ အလင်းတံခါး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပျဉ်းမနားကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နွေရာသီသင်တန်းပေါင်းစုံဖွင့်ပွဲကျင်းပ

ပျဉ်းမနား ဧပြီ ၅

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နွေရာသီသင်တန်းပေါင်းစုံ ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက မင်္ဂလာကန်တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းတင်ပြကာ အမျိုးသား ယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းနည်းပြစာအုပ်များကို မြို့နယ်အသင်း အတွင်းရေးမှူးက ပေးအပ်ရာ မြို့နယ် ပညာရေးမှူး ဒေါ်ခင်ရှိန်က လက်ခံ ရယူကြောင်း သိရသည်။

(မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)

နောင်တရားတွင် နွေရာသီ ကွန်ပျူတာသင်တန်းဖွင့်

နောင်တရား ဧပြီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် နောင်တရားမြို့တွင် နွေရာသီ ကွန်ပျူတာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၀ရက် နံနက် ၉နာရီက အမှတ်(၃)ရပ်ကွက်ရှိ ယာယီကွန်ပျူတာ သင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ကွန်ပျူတာသင်တန်းမှူး ဦးကိုကိုကျော်က သင်တန်းနှင့် ပတ်သက်သည်များ ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွန်ပျူတာသင်တန်းသို့ နောင်တရားမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၄၅ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(၃၆၉)**

သနပ်ပင်မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီက ဦးဆောင်၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလ အတွင်း ကူးစက်ရောဂါများ ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် ခေတ္တ မြို့နယ် ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်ဝမ်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သနပ်ပင်မြို့နယ် စည်ပင်သာယာဈေး စားသောက်ဆိုင်များနှင့် အလှူမဏ္ဍပ်များသို့ သွားရောက်စစ်ဆေးကြစဉ်။ (၃၄၇)

တောင်သာမြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၀၃၄၆) တွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၁၉ရက်က ကျင်းပရာ မြို့နယ် မီးသတ် ဦးစီးဌာနဦးစီးမှူး ရဲကျော်စွာ ရဲဗလ မျိုးအောင်နှင့်ဆိုင် မန်နေဂျာ ဦးလှသိန်းတို့ ဦးဆောင်၍ ဝန်ထမ်းများ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

လပွတ္တာမြို့၌ စုပေါင်းသန့်ရှင်း

လပွတ္တာ ဧပြီ ၁၂

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ဧပြီ ၈ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ရှမ်းစော်ဘွားများ ၁၉၅၈ခုနှစ်၌ ရှမ်းပြည်နယ်ကိုပြည်ထောင်စုမှခွဲထွက်ကာ သီးခြားနိုင်ငံထူထောင်ရန်စီစဉ်ဆောင်ရွက်ခဲ့ယခုလည်း ပြည်ပြေးရှမ်းစော်ဘွားအနွယ်အချို့ ပြည်ပအားကိုးပြီး ပြည်ထောင်စုပြိုကွဲအောင် ဆောင်ရွက်လာ ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့ ကြေညာဆောင်ရွက်ချက်သည် SURA, SNLD နှင့် ရှမ်းပြည်ပညာရှင်များအတိုင်ပင်ခံကောင်စီတို့၏ သီးခြားနိုင်ငံထူထောင်ရန် ရည်ရွယ်ဆောင်ရွက်ချက်များနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး စီမံချက်၏အစိတ်အပိုင်းတစ်ခုဖြစ်

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အဖွဲ့အစည်းများက ပြည်ပြေးစဝ်ခမ်ဖ၏လုပ်ရပ်ကို ဆန့်ကျင်ကန့်ကွက်ရှုတ်ချ နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်လက်တွဲပြီး ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သွားမည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့် ပြည်နယ်/တိုင်းကိုမျှ ပြည်ထောင်စုကြီးမှ ခွဲထွက်ခြင်းကို ခွင့်ပြုမည်မဟုတ်

ရန်ကုန် ဧပြီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ် အလွန်ကြီးမားသည့်လုပ်ရပ်ကို ပြုလုပ်လာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့နှင့် အခြားဆက်နွှယ်နေသည့်အဖွဲ့များကို နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့်အကြောင်းရင်းနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၅)ကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းစိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက ဦးလှထွေး၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ၊ အတွင်းရေးမှူး ဦးညွန့်တင်နှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းတိုက်များနှင့် ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားသည့်လုပ်ရပ်ကို ပြုလုပ်လာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့နှင့် အခြားဆက်နွှယ်နေသည့်အဖွဲ့များကို နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင်-

ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားသည့်လုပ်ရပ်ကို ပြုလုပ်လာသည့် ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့နှင့် အခြားဆက်နွှယ်နေသည့် အဖွဲ့တွေကို နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့် အကြောင်းရင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသွားမှာ ဖြစ်ကြောင်း။

သတင်းထုတ်လွှင့်ကြေညာ

သတင်းစာဆရာကြီးများ ကြားသိကြပြီးဖြစ်သည့်အတိုင်း ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့သည် ဧပြီလ၁၇ရက်နေ့တွင် ပြည်ပတစ်နေရာကနေပြီး ရှမ်းပြည် ယာယီအစိုးရဆိုသည့်အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့်နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်လွှင့်ကြေညာသွားကြောင်း။ ယင်းအဖွဲ့မှာ စဝ်ခမ်ဖ (ခေါ်)စဝ်ဆေက သမ္မတ၊ ခွန်ဆိုင်စစ်ဆိုသူက ဝန်ကြီးချုပ်၊ စဝ်ခွန်ဟုမ်(ခေါ်)စိုင်းစိုးညွန့်ဆိုသူက နိုင်ငံခြားရေးဝန်ကြီး၊ ခွန်ဆိုင်(ခေါ်)ခွန်ထီးဆိုသူက ပြည်ထဲရေးဝန်ကြီး၊ ကျောက်ခင်းဆိုင်(ခေါ်)စဝ်ခေးဆေဆိုသူက ကာကွယ်ရေးဝန်ကြီးအဖြစ် ပါဝင်သည်ဟု ဖော်ပြသွားကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ ❐

နိုင်ငံတော်ကို စုပေါင်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်ဗိုလ်တစ်မင်း၊ တစ်တောတစ်ဖဝါဒဆိုသည့် စိတ်ဓာတ်ကို ရှောင်ရှားပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးဖြင့် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ချစ်မြတ်နိုး တန်ဖိုးထားလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ခြင်း၊ နိုင်ငံတော်ကို စုပေါင်းကာကွယ် စောင့်ရှောက်ခြင်းဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၃/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ပြေးစဝ်ခမ်ဖဦးစီးသည့်အဖွဲ့နှင့် အခြားဆက်နွှယ်နေသည့် အဖွဲ့များကို နိုင်ငံတော်က မတရားအသင်းအဖြစ်ကြေညာခဲ့သည့် အကြောင်းရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မြန်မာ့အလင်း)